


**Volume III, Issue 29** **8 May 2023**


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မာရဝိဇယဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌ ကဆုန်လပြည့်ကုသိုလ်တော်အဖြစ် မုစလိန္ဒနဂါးရုံဘုရားကျောင်းဆောင်တော်သို့ ဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ပူဇော်ခြင်းနှင့် မဟာဗောဓိပင်တော် စိုက်ပျိုးပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ | ၁ |
| ၂ | ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်ကုသိုလ်တော်အဖြစ် ဆရာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ | ၄ |
| ၃ | ကဆုန်လပြည့်ဗုဒ္ဓနေ့ ဓမ္မသဘင်မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို | ၆ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဝင်များနှင့်ဇနီးများက ကဆုန်ညောင်ရေ သွန်းလောင်းပူဇော် | ၇ |
| ၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူနှင့်အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံဆွေးနွေး | ၉ |
| ၆ | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) ကျင်းပ | ၁၁ |
| ၇ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား | ၁၆ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား | ၂၀ |
| ၉ | ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့် | ၂၂ |
| ၁၀ | တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ သဗ္ဗညုစေတီတော်သို့ သွားရောက်ဖူးမြော် | ၂၉ |
| ၁၁ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီးများ ရုရှားအော်သိုဒေါ့ဘုန်းတော်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ | ၃၀ |
| ၁၂ | ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်ခ်(Minsk) မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံသားနှင့်လူဝင်မှုကြီးကြပ်ရေးဌာနနှင့် နိုင်ငံတကာ လေ့ကျင့်ရေးအကယ်ဒမီသင်တန်းကျောင်းတို့၌ သွားရောက်လေ့လာ | ၃၂ |
| ၁၃ | ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်လာနိုင်သည့် ခန့်မှန်းချက်သတင်းများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက် | ၃၄ |
| ၁၄ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအား ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၏ ဆွေးနွေးဖက်နိုင်ငံအဖြစ် ခွင့်ပြုကြောင်း စာချွန်လွှာလက်မှတ်ရေးထိုး | ၄၁ |
| ၁၅ | မြန်မာနိုင်ငံအစိုးရက ဆီးရီးယားအာရပ်သမ္မတနိုင်ငံအား လူသားချင်းစာနာ ထောက်ထားမှုအကူအညီအဖြစ် အလှူငွေ ပေးအပ်လှူဒါန်း | ၄၂ |
| ၁၆ | တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/ အချုပ်ထောင် အသီးသီးမှ အကျဉ်းကျခံနေရသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု | ၄၂ |
| ၁၇ | တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကဆုန်ညောင်ရေသွန်းပွဲတော်ဗုဒ္ဓနေ့၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား | ၄၅ |
| ၁၈ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များမှကြီးမှူးကျင်းပသည့် မန္တလေးမြို့ လေးပြင်လေးရပ်မှ သံဃာတော် (၁၀၂၆၈) ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ် ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူပွဲ အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ | ၄၈ |
| ၁၉ | ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ် ဆီမီးတိုင်များကိုင်ဆောင်၍ လှည့်လည်ပူဇော်ပွဲကျင်းပ | ၅၀ |
| ၂၀ | ပုသိမ်ကြီးမြို့နယ်၊ “အောင်သပြေ”ရွှေဆိုင်နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ “ထိပ်တန်း”ရွှေဆိုင် တို့အား ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သည့် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိ | ၅၂ |

# Information Sheet

## မာရဝိဇယဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌ ကဆုန်လပြည့်ကုသိုလ်တော်အဖြစ် မုစလိန္ဒ နဂါးရုံဘုရားကျောင်းဆောင်တော်သို့ ဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ပူဇော်ခြင်းနှင့် မဟာဗောဓိပင်တော် စိုက်ပျိုးပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ



ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကဆုန်လပြည့်ဗုဒ္ဓနေ့ကုသိုလ်တော်အဖြစ် မုစလိန္ဒ နဂါးရုံဘုရားကျောင်းဆောင်တော်သို့ ဗုဒ္ဓရုပ်ပွားတော်ပင့်ဆောင်ပူဇော်ခြင်းနှင့် မဟာဗောဓိပင်တော် စိုက်ပျိုးပူဇော်ခြင်း မင်္ဂလာအခမ်းအနားတို့ကို မေလ ၃ ရက်တွင် ကျင်းပပြုလုပ်ရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ပူဇော်ခဲ့ပါသည်။

အခမ်းအနား၌ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗုဒ္ဓရုပ်ပွားတော်မြတ်အား မုစလိန္ဒနဂါးရုံဘုရားကျောင်းဆောင်သို့ မင်္ဂလာစက်ခလုတ်နှိပ်၍ ပင့်ဆောင်ကာ ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ပြီးနောက် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မုစလိန္ဒကန်တော်အတွင်းရှိ ငါးများကို အစာများကျွေး၍ အာဟာရဒါနပြုကြပါသည်။

ထို့နောက် ကဆုန်လပြည့်ဗုဒ္ဓနေ့ ကုသိုလ်တော်အဖြစ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း မဟာဗောဓိပင်တော် စိုက်ပျိုးပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်ရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာဗောဓိပင်တော် စိုက်ပျိုးပူဇော်မည့်နေရာတွင် ကျောက်မျက်ရတနာများကို ထည့်သွင်းပူဇော်ပြီး မင်္ဂလာအချိန်တွင် မဟာဗောဓိပင်တော်ကို စိုက်ပျိုး၍ မြေဆီမြေလွှာမြေဩဇာများ ကျွေးမွေးကာ ရေစင်ရေသန့်များ သွန်းလောင်းပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ပူဇော်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၅-၂၀၂၃)**

- **မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကဆုန်လပြည့်ဗုဒ္ဓနေ့ကုသိုလ်တော်အဖြစ် မုစလိန္ဒ နဂါးရုံဘုရားကျောင်းဆောင်တော်သို့ ဗုဒ္ဓရုပ်ပွားတော်ပင့်ဆောင်ပူဇော်ခြင်းနှင့် မဟာဗောဓိပင်တော်စိုက်ပျိုးပူဇော်ခြင်း မင်္ဂလာအခမ်းအနားတို့ကို ကျင်းပပြုလုပ်ရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်ပူဇော်ခဲ့။**



မုစလိန္ဒဗုဒ္ဓရုပ်ပွားတော်မြတ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာဗောဓိပင်တော်စိုက်ပျိုးပူဇော်မည့်နေရာတွင် ကျောက်မျက်ရတနာများကို ထည့်သွင်းပူဇော်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာဗောဓိပင်တော်ကို စိုက်ပျိုး၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မုစလိန္ဒကန်တော်အတွင်းရှိ ငါးများကို အစာကျွေး၍
အာဟာရဒါနပြုနေမှု



မုစလိန္ဒဗုဒ္ဓရုပ်ပွားတော်မြတ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ပရိတ်နံ့သာရည်များ
ပက်ဖျန်းပူဇော်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မဟာဗောဓိပင်တော်ကို ရေစင်ရေသန့်များ
သွန်းလောင်းပေးနေမှု

# ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်ကုသိုလ်တော်အဖြစ် ဆရာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ




ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ် ကုသိုလ်တော်အဖြစ် ဆရာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို မေလ ၃ ရက်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့ မင်းကျောင်းဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဆရာတော်သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံမြို့ သီရိမာလာကျောင်း ကိုးဆောင်ကျောင်းတိုက်ဆရာတော်ထံသို့လည်းကောင်း၊ တာဝန်ရှိသူများက ဆရာတော်သံဃာတော်များထံသို့လည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့၊ မင်းကျောင်းဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၅-၂၀၂၃)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့ မင်းကျောင်းဆရာတော်ထံသို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ဆရာတော် သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံမြို့ သီရိမာလာကျောင်း ကိုးဆောင်ကျောင်းတိုက်ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့။**



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့၊ မင်းကျောင်းဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းနေမှု



ဆရာတော်သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းနေမှု



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မြင်းခြံမြို့၊ ကိုးဆောင်ကျောင်းတိုက်ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းနေမှု

# ကဆုန်လပြည့်ဗုဒ္ဓနေ့ ဓမ္မသဘင်မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို





၂၀၂၃ ခုနှစ်၊ ကဆုန်လပြည့်ဗုဒ္ဓနေ့ ဓမ္မသဘင်မင်္ဂလာ အခမ်းအနားကို မေလ ၃ ရက် ညပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် သီတဂူဆရာတော်ကြီး ဟောကြားတော်မူသည့် ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ ဓမ္မကထာဒေသနာတော်ကို ရိုသေလေးမြတ်စွာ နာယူကြည်ညိုကာ ဓမ္မပူဇာနဝကမ္မအလှူတော် ငွေကျပ် ၁၁၁၁ သိန်းကျော်ကို ပေးအပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြပါသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်ကြီးနှင့် ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိဆရာတော်တို့ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာကြီးများနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၅-၂၀၂၃)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် သီတဂူဆရာတော်ကြီး ဟောကြားတော်မူသည့် ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ ဓမ္မကထာဒေသနာတော်ကို ရိုသေလေးမြတ်စွာ နာယူကြည်ညိုကြပြီး ဓမ္မပူဇာနဝကမ္မအလှူတော်ငွေကျပ် ၁၁၁၁ သိန်းကျော်ကို ပေးအပ်လှူဒါန်းခဲ့။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဓမ္မပူဇာ နဝကမ္မအလှူတော် ငွေကျပ် ၁၁၁၁ သိန်းကျော်ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ကပ္ပိယကာရကအဖြစ် လက်ခံရယူနေမှု

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဝင်များနှင့်ဇနီးများက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ မဟာဗောဓိညောင်ပင်တော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးတို့က ညောင်ရေသွန်းလောင်းပူဇော်နေမှု

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ဗုဒ္ဓနေ့ဖြစ်သော မေလ ၃ ရက်၌ ကျရောက်သည့် ကဆုန်ညောင်ရေသွန်းပွဲတော်တွင် နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော် မြောက်ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်များအား (၁၅) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်းမင်္ဂလာအခမ်းအနားနှင့် ဇေယျာသီရိမြို့နယ်၊ လောကချမ်းသာဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်တော်များအား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်းမင်္ဂလာအခမ်းအနားများကို ကျင်းပပြုလုပ်ခဲ့ပါသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က လောကချမ်းသာဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်တော်များအား ညောင်ရေသွန်းလောင်းပူဇော်နေမှု**

အခမ်းအနားများသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ခဲ့ပြီး သတ်မှတ်ထားသည့်နေရာများအလိုက် မဟာဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ခဲ့ကြပါသည်။

ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ ဂေါတမမြတ်စွာဘုရားသာလျှင်မကဘဲ သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ပြုသောနေ့များမှာလည်း ကဆုန်လပြည့်နေ့ပင်ဖြစ်၍ ကဆုန်လပြည့်နေ့ကို "ဗုဒ္ဓနေ့" ဟု သတ်မှတ်ခြင်းဖြစ်ပါသည်။ ကဆုန်ညောင်ရေသွန်းပွဲတော်သည် ကုသိုလ်ယူဖွယ်ရာ၊ ဝမ်းသာကြည်နူးဖွယ်ရာ ဘာသာရေးဆိုင်ရာပွဲတော်တစ်ခုဖြစ်သည့်အပြင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ် ကျင်းပပြုလုပ်သည့် ပွဲတော်ဖြစ်ကြောင်းနှင့် ကဆုန်လပြည့်နေ့မတိုင်မီ တစ်ရက်အလိုတွင် ညောင်ရေသွန်းလောင်းကြမည့် ညောင်ပင်များကို အမွှေးနံ့သာရေများ ပက်ဖျန်းပေးခြင်း၊ မဟာဗောဓိပင်ပလ္လင်တော်အား ကြည်ညိုစဖွယ်ဖြစ်အောင်ပြင်ဆင်ခြင်းစသည့် ကုသိုလ်ယူဖွယ်များကို ပြုလုပ်လေ့ရှိကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၅-၂၀၂၃)**

- **ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်မြောက်ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်များနှင့် လောကချမ်းသာဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များအား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားများကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး မဟာဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ခဲ့။**
- **ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ ဂေါတမမြတ်စွာဘုရားသာလျှင်မကဘဲ သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ပြုသောနေ့များမှာလည်း ကဆုန်လပြည့်နေ့ပင်ဖြစ်၍ ကဆုန်လပြည့်နေ့ကို "ဗုဒ္ဓနေ့" ဟု သတ်မှတ်ခြင်းဖြစ်ခဲ့။**
- **ကဆုန်ညောင်ရေသွန်းပွဲတော်သည် ကုသိုလ်ယူဖွယ်ရာ၊ ဝမ်းသာကြည်နူးဖွယ်ရာ ဘာသာရေးဆိုင်ရာပွဲတော်တစ်ခုဖြစ်သည့်အပြင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ် ကျင်းပပြုလုပ်သည့် ပွဲတော်ဖြစ်။**



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ မဟာဗောဓိညောင်ပင်တော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က ညောင်ရေသွန်းလောင်းပူဇော်နေမှု

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူနှင့်အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ ဘုန်းတော်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံဆွေးနွေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့်အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မေလ ၄ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးညှော်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ရာတွင်-

- ရှေးယခင်ကတည်းက နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကောင်းမွန်ခဲ့မှုနှင့် တိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများ၊
- ယဉ်ကျေးမှုနှင့် ဘာသာရေး အပြန်အလှန်ဖလှယ်ရေး၊ ဘာသာရေးအရချစ်ကြည်ရင်းနှီးမှုမှသည် နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြားနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ခိုင်မာလာနိုင်သည့်အခြေအနေများ၊
- မြန်မာနိုင်ငံတွင် ရုရှားအော်သိုဒေါ့ဘုရားကျောင်း တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုနှင့် ရုရှားနိုင်ငံတွင် ဗုဒ္ဓစင်တာနှင့် ရွှေစည်းခုံစေတီတော်ပုံစံတူတည်ဆောက်ထားမှုအခြေအနေများ၊
- ကမ္ဘာ့အကြီးဆုံးဖြစ်လာမည့် စကျင်ကျောက်တော်ဖြင့် ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်လျက်ရှိမှုအခြေအနေများကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ပြီး ဘုန်းတော်ကြီးက မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် ဆုမွန်တောင်းစကားပြောကြားခဲ့ပါသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့်အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီးနှင့်အတူ အော်သိုဒေါ့ဘုန်းတော်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှား နိုင်ငံသံအမတ်ကြီး H. E. Mr. Dr. Nikolay Listopadov တို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၅-၅-၂၀၂၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူနှင့်အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ ဘုန်းတော်ကြီးနှင့်တွေ့ဆုံဆွေးနွေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီးနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် ရုရှားအော်သိုဒေါ့ဘုရားကျောင်း တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုနှင့် ရုရှားနိုင်ငံတွင် ဗုဒ္ဓစင်တာနှင့် ရွှေစည်းခုံစေတီတော်ပုံစံတူ တည်ဆောက်ထားမှုအခြေအနေများကို ဆွေးနွေးခဲ့။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ ဘုန်းတော်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးနေမှု

## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) ကျင်းပ

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မေလ ၅ ရက်တွင် ကျင်းပခဲ့သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြားရာတွင်-

- နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ၁၉၈၉ ခုနှစ်၊ မေလ ၂၅ ရက်တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီကို အဖွဲ့ဝင် ၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူချိန်တွင် အဆိုပါကော်မတီကို အဖွဲ့ဝင် ၂၂ ဦး၊ လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၃၇ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးခဲ့ကြောင်း။
- နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေး (Peace and Stability) သည် အရေးအကြီးဆုံးဖြစ်ပြီး တည်ငြိမ်အေးချမ်းရေးဆိုသည်မှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံ၍ ဆောင်ရွက်ရန် လိုအပ်ကြောင်း။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူချိန်မှစပြီး တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ ပြည်သူလူထုတစ်ရပ်လုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး၊ ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးတို့ကို အလေးထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။



- နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုး/မွေးမြူရေးနှင့် စီးပွားရေးကဏ္ဍများ တိုးတက်လာစေရန်အတွက် လူမှုစီးပွားဘဝ အခြေခံအဆောက်အအုံများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအပြင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက်လည်း စီမံကိန်းများရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။
- နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည်မှာ ပညာရည်မြင့်မားမှုဖြစ်ပြီး မိမိတို့အစိုးရ၏ ပညာရေးမျှော်မှန်းချက်သည် ကျောင်းနေအရွယ်အားလုံး အနိမ့်ဆုံး KG+9 အောင်မြင်ရေးဖြစ်သည့်အတွက် တိုင်းရင်းသားအားလုံး ပညာရည်မြင့်မားရေး အလေးထားဆောင်ရွက်ရန် မှာကြားလိုကြောင်း။
- အခြေခံစားကုန်များ၊ သားငါးများ ဒေသအလိုက် ဖူလုံအောင်ကြိုးစားရမည်ဖြစ်သကဲ့သို့ စိုက်ပျိုး/မွေးမြူရေးကို အခြေခံသည့် တန်ဖိုးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးသည်လည်း ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်သောကြောင့် အရေအတွက်ရောအရည်အသွေးပါ ပိုမိုကောင်းမွန်သည့် စိုက်/မွေးထုတ်ကုန်များရရှိအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း။
- လူမှုစီးပွားအထောက်အကူပြုမည့် ဒေသအလိုက် အသေးစား၊ အငယ်စား၊ အလတ်စား ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ ယခုထက် ပိုမိုဆောင်ရွက်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။
- မိမိတို့၏တိုင်းရင်းသားညီအစ်ကိုများနှင့် ပြည်သူများ မှီတင်းနေထိုင်ကြသည့် နယ်စပ်ဒေသများတွင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းကဏ္ဍများ များစွာရှိသေးသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း။
- နိုင်ငံတော်က နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များအတွက် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ အခြေခံပညာကဏ္ဍတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း ၄၇ ကျောင်း ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူ ၃၃,၀၀၇ ဦး၊ အဆင့်မြင့်ပညာကဏ္ဍတွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၄,၀၅၈ ဦးနှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ရန်ကုန်နှင့် စစ်ကိုင်းတို့တွင်လည်း ကျောင်းသား၊ ကျောင်းသူ ၄,၇၀၁ ဦးတို့ကို ပညာသင်ကြားပေးနိုင်ခဲ့ကြောင်း။
- သက်မွေးပညာကဏ္ဍအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ၉ ကျောင်း ဖွင့်လှစ်ပြီး သင်တန်းသား ၆,၀၇၇ ဦးကို သင်တန်းများ ပို့ချပေးနိုင်ခဲ့ပြီး အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၇ ကျောင်းတွင် သင်တန်းသူ ၉၅,၀၂၂ ဦး သင်ကြားလေ့ကျင့်




ပေးခဲ့ပြီး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

- တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေကြသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းမှ ရရှိနိုင်သည်ကို အလေးအနက် သတိမူကြရမည်ဖြစ်ကြောင်း။
- ငြိမ်းချမ်းရေးစားပွဲဝိုင်းကို ရောက်ရှိလာခြင်း မရှိသေးသည့် တိုင်းရင်းသားအဖွဲ့အစည်းများကိုလည်း ကြိုတင်ကန့်သတ်ချက်များမထားဘဲ တွေ့ဆုံဆွေးနွေးခြင်းကို အစဉ်အမြဲ တံခါးဖွင့်ကြိုဆိုထားသည်ကို ထပ်မံအသိပေးပြောကြားလိုကြောင်း မှာကြားခဲ့။

ဗဟိုကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဗဟိုကော်မတီအဖွဲ့ဝင်များက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပါသည်။

ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ဖိဖိစီးစီးဖြင့် တွန်းအားပေးဆောင်ရွက်သွားရန်၊ တိုင်းရင်းသားဒေသအားလုံး အကြားအလပ်မရှိ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ပြီး မြန်မာဆိုသည့်စိတ်ဓာတ်ဖြစ်ပေါ်လာစေရေး ဦးဆောင်ဦးရွက်ပြုဆောင်ရွက်သွားကြရန်၊ စက်မှုလက်မှုလုပ်ငန်းများဖြင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန် တိုက်တွန်းဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများရှိ ကျောင်းများ အဆောက်အအုံနှင့် ဥပဓိရုပ်ကောင်းမွန်ရေး ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း။
- နယ်စပ်ဒေသများအတွက် ဆက်သွယ်ရေး (Communication )သည် အဓိကကျသောကြောင့် မဖြစ်မနေဆက်သွယ်မှုရရှိနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း။
- MSME လုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရန်နှင့် ထွက်ကုန်များဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း။

- နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့သည် အပြန်အလှန်ဆက်စပ်နေကြောင်း၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးမရှိသည့်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်မဟုတ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုမရှိပါကလည်း ငြိမ်းချမ်းရေးသည် ရေရှည်တည်တံ့ခိုင်မြဲမည်မဟုတ်သည်ကို သတိပြုစေလိုကြောင်း။
- နယ်စပ်ဒေသများသည် နယ်မြေဧရိယာကျယ်ပြန့်သလောက် လူဦးရေသိပ်သည်းဆ နည်းပါးကြောင်း၊ ပြည်မနှင့်ကူးလူးဆက်ဆံရန် ခက်ခဲသည့်အတွက် အခြေခံကျသော လမ်းပန်းဆက်သွယ်မှုများကိုလည်း များစွာတိုးချဲ့ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် လိုအပ်သည့်ဒေသများတွင် ဆက်လက်လုပ်ဆောင်ပေးကြရမည် ဖြစ်ကြောင်း။
- နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် အိန္ဒိယသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အပါအဝင် အကူအညီပေးအပ်ထားသည့် ရန်ပုံငွေများနှင့် နယ်စပ်ဒေသအခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်ကိုလည်း တွေ့ရှိရကြောင်း ပြောကြားခဲ့။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့် ဒုတိယဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး( ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၅-၂၀၂၃)**

- **နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေး (Peace and Stability) သည် အရေးအကြီးဆုံးဖြစ်ပြီး တည်ငြိမ်အေးချမ်းရေးဆို သည်မှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံ၍ ဆောင်ရွက်ရန်လို။**
- **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းမှ ရရှိနိုင်သည်ကို အလေးအနက် သတိမူကြရမည်ဖြစ်။**
- **ငြိမ်းချမ်းရေးစားပွဲဝိုင်းကို ရောက်ရှိလာခြင်းမရှိသေးသည့် တိုင်းရင်းသားအဖွဲ့အစည်းများကိုလည်း ကြိုတင်ကန့်သတ်ချက်များမထားဘဲ တွေ့ဆုံဆွေးနွေးခြင်းကို အစဉ်အမြဲ တံခါးဖွင့်ကြိုဆိုထားသည်ကို ထပ်မံအသိပေးပြောကြားလို။**
- **ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးမရှိသည့်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်မဟုတ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုမရှိပါကလည်း ငြိမ်းချမ်းရေးသည် ရေရှည်တည်တံ့ခိုင်မြဲမည် မဟုတ်သည်ကို သတိပြုစေလို။**
- **နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် အိန္ဒိယသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အပါအဝင် အကူအညီပေးအပ်ထားသည့် ရန်ပုံငွေများနှင့် နယ်စပ်ဒေသအခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။**

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ အစည်းအဝေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြခဲ့မှုများ**






# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြား






(၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေလ ၅ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ (MICC – II)၌ ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားခဲ့ရာတွင်-

- (၇၇) နှစ်အတွင်း မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးစသည့် ရည်မှန်းချက်တာဝန်များကို ဦးလည်မသုန် တာဝန်ထမ်းဆောင်ခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်အားလုံးကို ဂုဏ်ပြုပါကြောင်း။
- ၁၉၄၆ ခုနှစ်၊ မေလ ၅ ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့၊ ကန်တော်ကလေးရှိ "ဖိနတ်အစ္စလာမ်" မိန်းကလေးကျောင်းတွင် ပထမအကြိမ် စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံးကြီး ညီလာခံကို ကျင်းပနိုင်ခဲ့ပြီး (၁၉) ခရိုင်မှ ကိုယ်စားလှယ်ပေါင်း (၁၉၇)ဦး တက်ရောက်ခဲ့ကြပါကြောင်း။
- ယင်းညီလာခံကို ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်ချီးမြှင့်မိန့်ခွန်းပြောကြားခဲ့ရာ၌ "မီးသတ်အဖွဲ့သားများ၏တာဝန်မှာ စည်းကမ်းအရေးကြီး၍ အထူးမြင့်မြတ်သော ဝန်ထမ်းအလုပ်ကြီးဖြစ်ကြောင်း၊ စစ်တပ်များတွင် သူရဲကောင်းများပေါ်ပေါက်သကဲ့သို့ မီးသတ်လုပ်ငန်းတွင်လည်း သူရဲကောင်းများ ပေါ်ပေါက်ကြသည့်အနက် မီးသတ်သူရဲကောင်းမှာ သူတစ်ပါးအား တိုက်ခိုက်ရခြင်းမဟုတ်ဘဲ စွန့်စားသူများအနေဖြင့် အထူးမြင့်မြတ်သော သူရဲကောင်းများဖြစ်ကြောင်း"ဖြင့် ထည့်သွင်းပြောကြားသွားခဲ့ပါကြောင်း။
- မြန်မာနိုင်ငံတွင် နှစ်စဉ်မီးလောင်မှုများ ဖြစ်ပွားလျက်ရှိရာ ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း မီးလောင်မှုပေါင်း ၁၈,၃၃၆ ကြိမ် ဖြစ်ပွားခဲ့ပြီး၊ ကျပ် ၁၅၅ ဘီလီယံကျော်ခန့် ဆုံးရှုံးခဲ့ရကြောင်းကို မီးသတ်ဦးစီးဌာန၏ မှတ်တမ်းများအရသိရပါကြောင်း။
- နိုင်ငံတစ်ဝန်းလုံး နှစ်စဉ်မီးလောင်မှုအကြိမ်ရေ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် အကြိမ်ရေ ၁,၈၀၀ ကျော်ခန့်ဖြစ်ပွားပြီး ဆုံးရှုံးမှုအနေဖြင့် နှစ်စဉ် ကျပ် ၁၅ ဘီလီယံခန့် ဆုံးရှုံးလျက်ရှိနေသည်ကို တွေ့ရပါကြောင်း။
- မီးလောင်မှုအကြိမ်ရေနှင့် မီးဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုတန်ဖိုးများ လျော့ကျစေရေးအတွက် ပြည်သူလူထုအတွင်း မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာများ စိမ့်ဝင်ပျံ့နှံ့နေအောင် လုပ်ကြရမည်ဖြစ်ပါကြောင်း။
- မီးသတ်လုပ်ငန်းသည် စွန့်လွှတ်မှုများ၊ စွန့်စားမှုများနှင့် အသက်နဲ့ခန္ဓာကို ပေးဆပ်ပြီးလုပ်ရသည့်လုပ်ငန်းဖြစ်ရာ ပေးဆပ်မှုအနည်းဆုံးဖြစ်ရေးအတွက် မိမိအလုပ်ကို ကျွမ်း

ကျင့်မှုရှိအောင် အကြိမ်ကြိမ်လေ့ကျင့်နေရန်လိုမည်ဖြစ်ကြောင်း။

- မီးသတ်တပ်ဖွဲ့သည် ယနေ့အချိန်အထိ နိုင်ငံတော်၏ အကျိုး၊ တိုင်းရင်းသားပြည်သူများ၏အကျိုးကို အစဉ်ရှေးရှုဆောင်ရွက်ပြီး ဘယ်လိုအခြေအနေမျိုးတွင်မဆို နိုင်ငံရေးအရောင်အသွေးမရှိဘဲ သမိုင်းအစဉ်အလာကောင်းများနှင့် ပြည်သူ့အကျိုးပြုတပ်ဖွဲ့တစ်ခု အဖြစ်ရပ်တည်လာခဲ့သည့်အတွက် မီးသတ်တပ်ဖွဲ့သည် နိုင်ငံရေးအရောင်အသွေးကင်းမဲ့သော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း။
- ခေတ်အဆက်ဆက်တွင် မီးသတ်တပ်ဖွဲ့အနေဖြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် စွန့်လွှတ်စွန့်စားစွာနှင့် စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်ခဲ့ကြသည့် ဖြစ်စဉ်သာဓကများစွာရှိခဲ့ပြီး နိုင်ငံတော်က စွမ်းရည်သတ္တိဆိုင်ရာနှင့် စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူးများချီးမြှင့်ပေးအပ်လျက်ရှိကြောင်း။
- ၁၉၅၂ ခုနှစ်မှ ယနေ့အထိ ပြည်ထောင်စုငွေတံဆိပ် (၁) ဦး၊ လွတ်လပ်ရေးမော်ကွန်းဝင် (၃) ဦး၊ ဂုဏ်ထူးဆောင်လက်မှတ် (၁၀) ဦး၊ သရေစည်သူဘွဲ့ (၁) ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ (၅) ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်(၁၀)ဦး၊ စီမံထူးချွန်တံဆိပ် (၂၃) ဦး၊ လူမှုထူးချွန်တံဆိပ် (၃၆) ဦး၊ သီဟဗလတံဆိပ် (၃) ဦး၊ ရဲသီဟတံဆိပ် (၁) ဦး၊ ရဲသူရတံဆိပ် (၁၆)ဦး၊ ရဲဗလတံဆိပ် (၅၅)ဦး၊ ရဲသူရိန်တံဆိပ် (၇၂)ဦး၊ ရဲကျော်စွာတံဆိပ်(၇၅)ဦး၊ ရဲကျော်သူတံဆိပ် (၄၅)ဦး၊ စုစုပေါင်းဆုတံဆိပ် (၃၅၆) ဦး ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း။
- နိုင်ငံတကာတွင် ပြောင်းလဲတိုးတက်နေသည့် မီးသတ်လုပ်ငန်းဆိုင်ရာများကို မျက်ခြည်မပြတ်လေ့လာဆည်းပူးပြီး မိမိနိုင်ငံသားတို့အတွက် ပြန်လည်အသုံးချနိုင်ရန် အားထုတ်ကြရန်လိုအပ်ကြောင်း။
- တပ်ဖွဲ့ဝင်တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်မြင့်မားအောင် ကြိုးပမ်းနေခြင်းသည် တပ်ဖွဲ့တစ်ခုလုံး၏ ဂုဏ်ကိုမြှင့်တင်နေခြင်းဖြစ်သည်ဟု ခံယူထားရန်လိုအပ်ကြောင်း။
- မိမိတို့နိုင်ငံသားများကို မီးဘေးလုံခြုံရေးဆိုင်ရာလုပ်ငန်း၊ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများနှင့် အလုပ်အကျွေးပြုရာတွင် ရောင့်ရဲတင်းတိမ်စိတ်မထားဘဲ လိုအပ်ချက်မရှိအောင် စွမ်းဆောင်ကြရန်လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က “မီးသတ်ပြု” သီချင်းသီဆိုခဲ့သော နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေ(အသက်၉၀နှစ်)၊ မီးသတ်လုပ်ငန်းများကို စေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၊ အရန်မီးသတ်တပ်ရင်းမှ အရန်မီးသတ်တပ်ခွဲမှူး ဦးဝမ်သောင်း (အသက်၉၄နှစ်) နှင့် စစ်မှုထမ်း(ငြိမ်း)/မီးသတ်ဝန်ထမ်း(ငြိမ်း)တပ်ကြပ်ကြီး ဦးထွန်းကြည်(အသက်၉၂နှစ်)တို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများချီးမြှင့်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်ခြင်းခံရသည့် အငြိမ်းစားမီးသတ်တပ်ဖွဲ့ဝင်အရာရှိကြီးများနှင့်တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ အခမ်းအနားတက်ရောက်လာကြသူများသည် မီးသတ်ဦးစီးဌာနပြခန်းတွင် ခင်းကျင်းပြသထားသည့် ရှေးဟောင်းမီးသတ်ယာဉ်များနှင့် ခေတ်မီမီးသတ်ယာဉ်/ စက်ပစ္စည်းကိရိယာများ၊ ပြည်တွင်းမှ မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာများထုတ်လုပ်သည့် အသေးစားနှင့်အလတ်စားလုပ်ငန်းများ(MSME)၊ ပြည်ပမှတင်သွင်း/ ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီတို့မှ မီးသတ်လုပ်ငန်းဆိုင်ရာပစ္စည်းကိရိယာများ၊ ခန်းမအရှေ့တွင် ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် မီးသတ်ယာဉ်များအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ညနေပိုင်းတွင် (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ နေ့ဂုဏ်ပြုညစာစားပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC-II)၌ ဆက်လက်ပြုလုပ်ကျင်းပခဲ့ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၅-၂၀၂၃)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိုင်ငံကျော်အဆိုတော်ဦးထွန်းရွှေအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မီးသတ်ဝန်ထမ်း(ငြိမ်း)တပ်ကြပ်ကြီး ဦးထွန်းကြည်အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်နေမှု

- မီးလောင်မှုအကြိမ်ရေနှင့် မီးဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု တန်ဖိုးများ လျော့ကျစေရေးအတွက် ပြည်သူလူထုအတွင်း မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာများ စိမ့်ဝင်ပျံ့နှံ့နေအောင် လုပ်ကြရမည်ဖြစ်။
- မီးသတ်လုပ်ငန်းသည် စွန့်လွှတ်မှုများ၊ စွန့်စားမှုများနှင့် အသက်နှဲ့ခန္ဓာကို ပေးဆပ်ပြီးလုပ်ရသည့်လုပ်ငန်းဖြစ်ရာ ပေးဆပ်မှုအနည်းဆုံးဖြစ်ရေးအတွက် မိမိအလုပ်ကို ကျွမ်းကျင်မှုရှိအောင် အကြိမ်ကြိမ်လေ့ကျင့်နေရန်လိုမည်ဖြစ်။
- မီးသတ်တပ်ဖွဲ့သည် ယနေ့အချိန်အထိ နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူများ၏အကျိုးကို အစဉ်ရှေးရှုဆောင်ရွက်ပြီး ဘယ်လိုအခြေအနေမျိုးတွင်မဆို နိုင်ငံရေးအရောင်အသွေးမရှိဘဲ သမိုင်းအစဉ်အလာကောင်းများနှင့် ပြည်သူ့အကျိုးပြုတပ်ဖွဲ့တစ်ခုအဖြစ် ရပ်တည်လာခဲ့သည့်အတွက် မီးသတ်တပ်ဖွဲ့သည် နိုင်ငံရေးအရောင်အသွေးကင်းမဲ့သော အဖွဲ့အစည်းတစ်ခုဖြစ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ခင်းကျင်းပြသထားသည့် ရှေးဟောင်းမီးသတ်ယာဉ်များ/ ခေတ်မီမီးသတ်ယာဉ်များအား လှည့်လည်ကြည့်ရှုစစ်ဆေးနေမှု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မီးသတ်တပ်ဖွဲ့ဝင်အကအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးနေမှု

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား






အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေလ ၆ ရက်တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင်–

- European Centre for Medium-Range Weather Forecasts (ECMWF)၊ Global Forecast System (GFS) Model (၂) ခုနှင့် မြန်မာနိုင်ငံမိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနတို့၏ ကြိုတင်ခန့်မှန်းမှုအရ ဘင်္ဂလားပင်လယ်အော်အတွင်း မေလ ၈ ရက်၌ လေဖိအားနည်းရပ်ဝန်းမှတစ်ဆင့် မုန်တိုင်းဖြစ်ပေါ်ရာမှ အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ပြောင်းလဲကာ မြန်မာနိုင်ငံ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး စပ်ကြားနယ်မြေ(သို့မဟုတ်) ကမ်းရိုးတန်းသို့ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းချက်အရ သိရှိရကြောင်း။
- မုန်တိုင်းဝင်ရောက်လာမည်ဆိုပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ယခုကတည်းကပင် စတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ကြောင်း။
- အရေးပေါ်စီမံခန့်ခွဲမှုနှင့် ပတ်သက်သည့်အချက်အလက်များကို ပြုစုထားပြီးဖြစ်ကြောင်း။
- အရေးပေါ်အခြေအနေတွင် ဆောင်ရွက်ရသည့် ပစ္စည်းကိရိယာများကိုလည်း ပြည့်ပြည့်စုံစုံ ဖြစ်စေရန် ကြိုတင်စုံစမ်းဆောင်ရွက်ထားရမည်ဖြစ်ကြောင်း။
- ယင်းသို့ဆောင်ရွက်သည့်အခါတွင် အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသာမက သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်တွင်ရှိသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကလည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။
- စေတနာ့ဝန်ထမ်းများ၊ တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ ပေါင်းစပ်ညှိနှိုင်း၍ ပြင်ဆင်သင့်သည့်လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်း။
- အလားတူ ကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်ကြသည့် ပြည်သူများအတွက်လည်း မြို့နယ်၊ ကျေးရွာများအလိုက် ယခုကတည်းကပင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ကြောင်း။




- မုန်တိုင်းမဝင်ရောက်မီ ပြင်ဆင်သည့်လုပ်ငန်းများ၊ ရွှေ့ပြောင်းသည့်လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးတွင် အသုံးပြုမည့်ပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ၊ အစားအသောက်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ စသည်တို့ကို ယခုကတည်းကပင် တည်မြဲအမိန့်ပါအတိုင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ ပေါင်းစပ်ကာ တာဝန်များခွဲဝေ၍ စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း။
- တက်ရောက်လာကြသူများအနေဖြင့် မိမိတို့အတွေ့အကြုံအရ ဌာနအလိုက် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည့် ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားခဲ့။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဒေါက်တာသက်သက်ခိုင်တို့က သဘာဝဘေးအန္တရာယ် အရေးပေါ်ကျရောက်လာပါက တုံ့ပြန်ရေး၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၅-၂၀၂၃)**

- **အရေးပေါ်အခြေအနေတွင် ဆောင်ရွက်ရသည့် ပစ္စည်းကိရိယာများကိုလည်း ပြည့်ပြည့်စုံစုံဖြစ်စေရန် ကြိုတင်စုံစမ်းဆောင်ရွက်ထားရမည်ဖြစ်။**
- **စေတနာ့ဝန်ထမ်းများ၊ တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ ပေါင်းစပ်ညှိနှိုင်း၍ ပြင်ဆင်သင့်သည့် လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်။**
- **ကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်ကြသည့်ပြည်သူများအတွက်လည်း မြို့နယ်၊ ကျေးရွာများအလိုက် ယခုကတည်းကပင် ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်။**
- **မုန်တိုင်းမဝင်ရောက်မီ ပြင်ဆင်သည့်လုပ်ငန်းများ၊ ရွှေ့ပြောင်းသည့်လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးတွင် အသုံးပြုမည့်ပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ၊ အစားအသောက်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ စသည်တို့ကို ယခုကတည်းကပင် တည်မြဲအမိန့်ပါအတိုင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ ပေါင်းစပ်ကာ တာဝန်များခွဲဝေ၍ စီမံဆောင်ရွက်ရန် လိုအပ်။**

# ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်





၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို မေလ ၆ ရက်တွင် နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သဘင်၊ ဂီတအစည်းအရုံး ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတ နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပါသည်။

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌတို့က အကယ်ဒမီရွှေစင်ရုပ်တုကို ဒီဂျစ်တယ် စက်ခလုတ်ခုံပေါ်တွင် စိုက်ထူ၍ ဖွင့်လှစ်ပေးကြပြီး Digital Mapping စနစ်ဖြင့် ပုံဖော်ပြသပြီးနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက် ဆံရေးဦးစီးဌာနတို့က ဂုဏ်ပြုစီစဉ်တင်ဆက်သည့် "ရာပြည့်မှသည် ရှေ့သို့ချီ" မှတ်တမ်းဗွီဒီယိုကို ပြသခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင်-

- မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက စတင်ပေါ်ပေါက်လာခဲ့သည့် မြန်မာ့ရုပ်ရှင်သမိုင်းသည် ၂၀၂၀ ပြည့်နှစ်တွင် နှစ်ပေါင်းတစ်ရာပြည့်ခဲ့ပြီး ယခုဆိုလျှင် (၁၀၃) နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း။
- နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ ယဉ်ကျေးမှုများ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် မည်မျှအလေးအနက်ထားဆောင်ရွက်နေသည်ကို အားလုံးတွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ အဆိုပါဦးတည်ချက် အောင်မြင်ရန်အတွက် ရုပ်ရှင်အနုပညာသမားများ၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးကြောင်း။
- အနုပညာတစ်ရပ်ကပေးလိုက်သည့် အကြောင်းတရားများသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးကို ပြသရာရောက်သည့်အတွက် ရုပ်ရှင်အနုပညာက ပေးစွမ်းနိုင်မှုများသည် အင်မတန်အရေးပါ အရာရောက်သည်ဟု မိမိအနေဖြင့် တွေးမြင်ခံစားမိပါကြောင်း၊





- တစ်နည်းအားဖြင့် ရုပ်ရှင်အနုပညာသည် နိုင်ငံငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဩဇာသက်ရောက်မှုရှိသည့် Soft Power တစ်ခုဖြစ်သောကြောင့် အနုပညာရှင်များအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ၊ ရှင်သန်ကိန်းအောင်းစေရေးအတွက် ကျရာကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားလိုကြောင်း။
- ပြည်သူထဲက ပြည်သူများဖြစ်ကြသည့် မြန်မာ့ရုပ်ရှင်အနုပညာရှင်များအနေဖြင့် မိမိတို့၏နေ့စဉ်လူမှုစီးပွားဘဝများ အနုပညာလုပ်ငန်းများကို ရုန်းကန်လှုပ်ရှားလုပ်ကိုင် နေကြသူများပီပီ အနာဂတ်နိုင်ငံတော်နှင့် ပြည်သူအများစု၏အကျိုးကို ရှေ့ရှုပြီး အတွေးအခေါ်မှန်မှန်၊ အသိအမြင်မှန်မှန်၊ စိတ်ကောင်းစေတနာများဖြင့် အမျိုးသားရေးရည်မှန်းချက် (၂) ရပ်နှင့် နိုင်ငံရေးရည်မှန်းချက် (၂) ရပ် အောင်မြင်စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။
- ၂၀၁၉ ခုနှစ်တွင် ရုံတင်ပြသခဲ့သည့် ဇာတ်ကား (၉၇) ကား၊ ၂၀၂၀ ပြည့်နှစ်တွင် ရုံတင်ပြသခဲ့သည့် ဇာတ်ကား (၂၁) ကားနှင့် ၂၀၂၂ ခုနှစ်တွင် ရုံတင်ပြသခဲ့သည့် ဇာတ်ကား (၂၀)ထဲက ချီးမြှင့်သင့် ချီးမြှင့်ထိုက်သည့် ထူးချွန်ဆုများကို ချီးမြှင့်ပေးမည်ဖြစ်ကြောင်း။
- ယခုကျင်းပသည့် ထူးချွန်ဆုပေးပွဲသည် ရုပ်ရှင်လောကတစ်ခုတည်းအတွက်သာမက ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် အနုပညာလောကသားများ အားလုံးအတွက်ပါ ပြန်လည်သက်ဝင်လှုပ်ရှားလာသည့်ပွဲလည်းဖြစ်ကြောင်း။
- အနုပညာရှင်လောကသားများအားလုံးနှင့် ဆက်နွှယ်နေသည့်ပွဲဟုဆိုလျှင်လည်း မမှားပါကြောင်း၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာပေအဖွဲ့အစည်းအားလုံးသည် ယခုပွဲကြီး ပြီးသွားပါက အနုပညာနယ်ပယ်အသီးသီးတွင် ယခင်ကလို အရှိန်အဟုန်ဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပျော်ပျော်ရွှင်ရွှင် ဆက်လက်လှုပ်ရှားဆောင်ရွက်သွားနိုင်ကြမည်ဟုလည်း ယုံကြည်ခံစားမိပါကြောင်း။
- ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရုပ်ရှင်ရုံများ ပြသမှု ရပ်ဆိုင်းထားခဲ့ရကြောင်း။
- ယနေ့အချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်ထုတ်လုပ်သူများက ကြိုးပမ်းဆောင်ရွက်မှုဖြင့် ၂၀၂၂ ခုနှစ် ဧပြီ (၁၇) ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့ကစပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေး စည်းကမ်းချက်များနှင့်အညီ ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊
- ယခုနှစ်တွင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကို တက်ရောက်လာသည့် အနုပညာရှင်များကို ဂုဏ်ပြုချီးမြှင့်သည့်အနေဖြင့် နိုင်ငံတကာ ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားများတွင် ချီးမြှင့်လေ့ရှိသည့် အကောင်းဆုံးဝတ်စားဆင်ယင်မှုဆုကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။
- ထူးချွန်ဆုရရှိသည့် အနုပညာရှင်များအနေဖြင့် နိုင်ငံနှင့် လူမျိုးကိုချစ်သည့်စိတ်၊ တရားဥပဒေကို လေးစားလိုက်နာသည့် နိုင်ငံသားကောင်းစိတ်၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးသာယာတိုးတက်စေလိုသည့် စိတ်ကောင်းစေတနာများဖြင့် **"ရုပ်ရှင်သည် ပြည်သူ့အတွက်"** ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ဆက်လက်ဖော်ဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။
- ထူးချွန်ဆုမရရှိသေးသည့် အနုပညာရှင်များအနေဖြင့်လည်း လာမည့်နှစ်ကာလများတွင် မိမိတို့၏အနုပညာစွမ်းပကားကို ဆက်လက်မြှင့်တင်ကြိုးပမ်းရင်း ထူးချွန်ဆုများ ဆွတ်ခူးနိုင်ကြပါစေဟု အားပေးတိုက်တွန်းပြောကြားလိုကြောင်း။

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူစဉ်ကာလ အတွင်းတွင် အနုပညာသမားများ၊ မီဒီယာသမားများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးခဲ့ပြီး ဆက်လက်ပြီးလည်း ပံ့ပိုးအားပေး သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများကို အနုပညာရှင်ကြီးများက တစ်ဦးချင်းဖွင့်ဖောက်ကြေညာပြီး ဆုများပေးအပ်ချီးမြှင့်ရာ အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု ၂ ဆု၊ အကောင်းဆုံးရုပ်ရှင် တေးဂီတဆု ၂ ဆု၊ အကောင်းဆုံးရုပ်ရှင်အသံဆု ၁ ဆု၊ အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု ၂ ဆု၊ အကောင်းဆုံးရုပ် ရှင်ဇာတ်ညွှန်းဆု ၁ ဆု၊ အထူးအစီအစဉ်တစ်ခုဖြစ်သည့် အကောင်းဆုံးဝတ်စားဆင်ယင်မှုဆုများ ( Myanmar Academy Fashion Awards) ၄ ဆု၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု ၂ ဆု၊ ရုပ်ရှင်အထူးဆုဖြစ်သည့် အကောင်းဆုံးဝတ်စားဆင်ယင် ထုံးဖွဲ့မှုဆု ၁ ဆု၊ အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆု ၁ ဆု၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု ၂ ဆု၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု ၂ ဆု၊ အကောင်းဆုံးအမျိုးသမီးဇာတ် ဆောင်ဆု ၃ ဆု၊ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု ၃ ဆု ရရှိခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်က အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု ရရှိခဲ့ ကြသူများကိုလည်းကောင်း၊ ဝါရင့်အကယ်ဒမီဆုများရှင် အနု ပညာရှင်ကြီးများက ထူးချွန်ဆုရရှိကြသူများကိုလည်းကောင်း အကယ်ဒမီရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်ရာ ထူးချွန်ဆုရရှိ ကြသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြပါ သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနား သို့ တက်ရောက်လာကြသည့် ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတနယ် ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနု ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၅-၂၀၂၃)**

- **အနုပညာတစ်ရပ်ကပေးလိုက်သည့် အကြောင်းတရားများသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးကို ပြသ ရာရောက်သည့်အတွက် ရုပ်ရှင်အနုပညာက ပေးစွမ်းနိုင်မှုများသည် အင်မတန်အရေးပါအရာရောက်သည်ဟု မိမိအနေဖြင့် တွေးမြင်ခံစားမိ။**
- **ရုပ်ရှင်အနုပညာသည် နိုင်ငံငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဩဇာ သက်ရောက်မှုရှိသည့် Soft Power တစ်ခုဖြစ်သောကြောင့် အနုပညာရှင်များအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ၊ ရှင်သန်ကိန်းအောင်းစေရေးအတွက် ကျရာကဏ္ဍ မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားလို။**
- **မြန်မာ့ရုပ်ရှင်အနုပညာရှင်များအနေဖြင့် မိမိတို့၏နေ့စဉ်လူမှုစီးပွားဘဝများ အနုပညာလုပ်ငန်းများကို ရန်းကန် လျှောက်လှမ်းချီတက်နေကြသူများပီပီ အနာဂတ် နိုင်ငံတော်နှင့် ပြည်သူအများစု၏အကျိုးကို ရှေ့ရှုပြီး အတွေး အခေါ်မှန်မှန်၊ အသိအမြင်မှန်မှန်၊ စိတ်ကောင်းစေတနာများဖြင့် အမျိုးသားရေးရည်မှန်းချက် (၂) ရပ်နှင့် နိုင်ငံ ရေးရည်မှန်းချက် (၂) ရပ် အောင်မြင်စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလို။**
- **ယခုကျင်းပသည့် ထူးချွန်ဆုပေးပွဲသည် ရုပ်ရှင်လောကတစ်ခုတည်းအတွက်သာမက ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် အနုပညာလောကသားများ အားလုံးအတွက်ပါ ပြန်လည်သက်ဝင်လှုပ်ရှားလာသည့်ပွဲလည်းဖြစ်။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူစဉ်ကာလအတွင်းတွင် အနုပညာသမားများ၊ မီဒီယာသမားများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းကူညီဆောင်ရွက်ပေးခဲ့ပြီး ဆက်လက်ပြီးလည်း ပံ့ပိုးအားပေး သွားမည်ဖြစ်။**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု ရရှိသူများအား အကယ်ဒမီရွှေစင်ရုပ်တုပေးအပ်ချီးမြှင့်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**







## မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







# မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ












# တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ သဗ္ဗညုစေတီတော်သို့ သွားရောက်ဖူးမြော်



တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေး ဝန်ကြီး မစ္စတာချင်ကန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ သည် မေလ ၄ ရက်တွင် ပုဂံမြို့၊ ရွှေစည်းခုံရှိစေတီရှိ ချူအင် လိုင်းတန်ဆောင်း၌ ရန်ကုန်မြို့၊ တရုတ်သံရုံးမှ လူငယ်များနှင့် တွေ့ဆုံခဲ့ပြီး တရုတ်နိုင်ငံအစိုးရ၏အကူအညီဖြင့် ပြုပြင်မွမ်းမံ နေသည့် သဗ္ဗညုစေတီတော်သို့ သွားရောက်ဖူးမြော်လေ့လာ ကြည့်ရှုခဲ့ပါသည်။

ထို့နောက် ပုဂံဘုရားများအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့ပြီး တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင်ညောင်ဦးမြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ မန္တလေးတိုင်း ဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်မင်းနှင့် တာဝန်ရှိသူ များက ညောင်ဦးလေဆိပ်၌ လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၅-၂၀၂၃)**

- **တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပုဂံမြို့၊ ရွှေစည်းခုံရှိစေတီရှိ ချူအင်လိုင်း တန်ဆောင်း၌ ရန်ကုန်မြို့၊ တရုတ်သံရုံးမှ လူငယ်များနှင့်တွေ့ဆုံခဲ့ပြီး တရုတ်နိုင်ငံ အစိုးရ၏အကူအညီဖြင့် ပြုပြင်မွမ်းမံနေသည့် သဗ္ဗညုစေတီတော်သို့ သွားရောက် ဖူးမြော်ခဲ့။**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီးများ ရုရှားအော်သိုဒေါ့ဘုန်းတော်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ



**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် ရုရှားအော်သိုဒေါ့ဘုန်းတော်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံနေမှု**

စင်ကာပူ နှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ ရုရှားအော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေလ ၄ ရက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုအား အဆိုပါဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမများ၌လည်းကောင်း၊ မေလ ၅ ရက်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်အား အဆိုပါဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌လည်းကောင်း၊ မေလ ၆ ရက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော်အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီး ၆ ပါးတို့အား ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းဆောင်ဘုရားခန်းမ၌လည်းကောင်း တွေ့ဆုံခဲ့ပါသည်။

- **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံရာတွင်** ရန်ကုန်မြို့၌ ရုရှားအော်သိုဒေါ့ဘုရားကျောင်း တည်ဆောက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ဘာသာရေးနှင့်ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုခိုင်မြဲစေနိုင်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။
- **ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံရာတွင်** မြန်မာနိုင်ငံရှိ ရုရှားလူမျိုးများနှင့် ရုရှားခရီးသွားများအတွက် အော်သိုဒေါ့ ဘုရားရှိခိုးကျောင်းတစ်ကျောင်း တည်ထောင်မည့်ကိစ္စရပ်အား ဆွေးနွေးခဲ့။
- **နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့်တွေ့ဆုံရာတွင်** မြန်မာနိုင်ငံတွင် အော်သိုဒေါ့ ခရစ်ယာန်ဘာသာဝင်များနှင့် မြန်မာ-ရုရှား နှစ်နိုင်ငံ အပြန်အလှန် ချစ်ကြည်ရေး၊ ဘာသာရေးဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရန် အပြန်အလှန် လျှောက်ထားဆွေးနွေးခဲ့။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အောသိုဒေါ့ ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သောအဖွဲ့သည် မေလ ၅ ရက် မွန်းလွဲပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အဦများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှုများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၅-၂၀၂၃)**



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် ရုရှားအော်သိုဒေါ့ဘုန်းတော်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံနေမှု



ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်နှင့် ရုရှားအော်သိုဒေါ့ဘုန်းတော်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံနေမှု

- နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံတွင် အော်သိုဒေါ့ ခရစ်ယာန် ဘာသာဝင်များနှင့် မြန်မာ-ရုရှား နှစ်နိုင်ငံ အပြန်အလှန် ချစ်ကြည်ရေး၊ ဘာသာရေးဆိုင်ရာကိစ္စရပ်များကို ပူးပေါင်း ဆောင်ရွက်ရန် အပြန်အလှန် လျှောက်ထားဆွေးနွေးခဲ့။
- ပြည်ထောင်စုဝန်ကြီးများသည် ရုရှားအော်သိုဒေါ့ဘုန်းတော်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံရာ တွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ဘာသာရေးနှင့်ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံ အကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုခိုင်မြဲစေနိုင်မည့်ကိစ္စရပ်များနှင့် မြန်မာနိုင်ငံရှိ ရုရှား လူမျိုးများ နှင့် ရုရှားခရီးသွားများအတွက် အော်သိုဒေါ့ ဘုရားရှိခိုးကျောင်းတစ်ကျောင်း တည်ထောင်မည့်ကိစ္စရပ်တို့အား ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးခဲ့။

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်ခ်(Minsk)မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံသားနှင့်လူဝင်မှုကြီးကြပ်ရေးဌာနနှင့် နိုင်ငံတကာ လေ့ကျင့်ရေးအကယ်ဒမီသင်တန်းကျောင်းတို့၌ သွားရောက်လေ့လာ



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်ခ်(Minsk)မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံသားနှင့် လူဝင်မှုကြီးကြပ်ရေးဌာနနှင့် နိုင်ငံတကာလေ့ကျင့်ရေး အကယ်ဒမီသင်တန်းကျောင်းတို့၌ မေလ ၄ ရက်မှ ၆ ရက်ထိ သွားရောက်လေ့လာခဲ့ရာတွင်-

- မင့်စ်ခ်မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန၏ Cryptotech ကိုယ်ရေးအချက်အလက်များ ထိန်းသိမ်းမှတ်ပုံတင်ရေးစင်တာ၌ e-ID ကတ်နှင့် Passport အတွင်းသို့ ခေတ်မီနည်းပညာများနှင့် စက်ပစ္စည်းကိရိယာများအသုံးပြု၍ Biometric ကိုယ်ရေးအချက်အလက်များ ထည့်သွင်းထုတ်လုပ်နေမှု။
- နိုင်ငံသားနှင့်လူဝင်မှုကြီးကြပ်ရေးဌာန၌ ဌာနမှူး Colonel Starikovich Mikhail Vladimirovich က National Data-base တည်ဆောက်ထားရှိမှုနှင့် ဘယ်လာရုစ် ဗဟိုထိန်းချုပ်ကွပ်ကဲမှုစနစ်ဖွဲ့စည်းထားရှိမှု၊ စနစ်အတွက် လိုအပ်သည့် စီမံကွပ်ကဲမှုလုပ်ငန်းစဉ်များ၊ Biometric စနစ်ဖြင့် အမျိုးသားစိစစ်ရေးမှတ်ပုံတင်စာရွက် စာတမ်းများ သတ်မှတ်ချက်နှင့်အညီ ဖြည့်သွင်းမှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်မှု၊ e-ID ကတ်နှင့် Biometric အချက်အလက်များ အသုံးပြု၍ Passport ပြုလုပ်နေပုံအဆင့်ဆင့်။
- မင့်စ်ခ်မြို့ရှိ နိုင်ငံတကာလေ့ကျင့်ရေးအကယ်ဒမီသင်တန်းကျောင်း၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် သင်ထောက်ကူပြုပစ္စည်းများအား သွားရောက်လေ့လာခဲ့။

ဘယ်လာရုစ်သမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေသော x-Infotech ကုမ္ပဏီရှိ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ဘယ်လာရုစ်သမ္မတနိုင်ငံ၏ e-ID စနစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများတွင် နည်းပညာပိုင်းဆိုင်ရာအရ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် e-ID စနစ်နှင့်ပတ်သက်၍ နိုင်ငံတကာတွင် ဆောင်ရွက်ခဲ့မှုများကို power point ဖြင့် ရှင်းလင်းပြသခဲ့ပြီး ပြည်ထောင်စုဝန်ကြီးမှ သိရှိလိုသည်များအား မေးမြန်းခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၅-၂၀၂၃)**


## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်ခ်(Minsk)မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံသားနှင့်လူဝင်မှုကြီးကြပ်ရေးဌာနနှင့် နိုင်ငံတကာ လေ့ကျင့်ရေးအကယ်ဒမီသင်တန်းကျောင်းတို့သို့ သွားရောက်လေ့လာခဲ့သည့် မှတ်တမ်းဓာတ်ပုံများ





- ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်ခ်မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံသားနှင့် လူဝင်မှုကြီးကြပ်ရေးဌာနနှင့် နိုင်ငံတကာလေ့ကျင့်ရေးအကယ်ဒမီသင်တန်းကျောင်းတို့သို့ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ e-ID ကတ်နှင့် Passport အတွင်းသို့ ခေတ်မီနည်းပညာများနှင့် စက်ပစ္စည်းကိရိယာများ အသုံးပြု၍ Biometric စနစ်ဖြင့် အမျိုးသားစိစစ်ရေးမှတ်ပုံတင်စာရွက်စာတမ်းများ သတ်မှတ်ချက်နှင့်အညီ ဖြည့်သွင်းမှတ်ပုံတင်ခြင်း လုပ်ငန်းဆောင်ရွက်မှုများအား သွားရောက်လေ့လာခဲ့။

# ဆိုင်ကလုန်း မုန်တိုင်းဖြစ်ပေါ်လာနိုင်သည့် ခန့်မှန်းချက်သတင်းများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်




ဘင်္ဂလားပင်လယ်အော်တွင် အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်လာနိုင်သည့် ခန့်မှန်းချက်သတင်းများ ထွက်ပေါ်လာမှုနှင့်ပတ်သက်၍ ပြည်သူလူထုက စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိနေမှုအပေါ် မုန်တိုင်း၏ လက်ရှိအခြေအနေနှင့် အစိုးရ၏ စီမံဆောင်ရွက်ထားရှိမှုများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းကို ဆက်သွယ်မေးမြန်းခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ဖြေကြားချက်မှ ကောက်နုတ်ချက်များမှာ-

- မြန်မာနိုင်ငံ၏ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းချက်များအရ ဘင်္ဂလားပင်လယ်အော်အတွင်း၌ မေလ ၈ ရက်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်၍ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အားကောင်းသည့် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာကာ မြန်မာနိုင်ငံအတွင်းသို့ မေလ ၁၃ ရက်နှင့် ၁၄ ရက်ခန့်တွင် ဝင်ရောက်လာနိုင်ကြောင်း။
- ခန့်မှန်းချက်အားလုံးသည် တိုင်းထွာသည့်အချိန်၊ အသုံးပြုသည့်ပုံစံနှင့် အသုံးပြုသည့်ဒေတာများအပေါ်မူတည်၍ အမျိုးမျိုးပြောင်းလဲနိုင်သဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း။
- မုန်တိုင်းဖြစ်ပေါ်လာပါက မုန်တိုင်းအဆင့် သတ်မှတ်ချက်တွေဖြစ်သည့် အဝါရောင်အဆင့်၊ လိမ္မော်ရောင်အဆင့်၊ အညိုရောင်အဆင့်၊ အစိမ်းရောင်အဆင့် စသည်တို့ကို အချိန်မီပြည်သူများသိရှိအောင် ထုတ်ပြန်ပေးသွားမည်ဖြစ်။
- နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ နိုင်ငံပိုင် Radio FM တို့မှတစ်ဆင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရဲ့ ကြေညာချက်၊ မုန်တိုင်းသတိပေးချက်များကို ကြေညာပေးလျက်ရှိ။
- နိုင်ငံတော်ဝန်ကြီးချုပ်၏ ညွှန်ကြားချက်ဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်အစည်းအဝေးကို ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကိုယ်တိုင်ဦးစီး၍ ဆောင်ရွက်ခဲ့။
- အဆိုပါအစည်းအဝေးတွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်း အဓိကအချက်လေးချက်ဖြစ်သည့် မုန်တိုင်းဝင်ရောက်လာမည်ဆိုပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ယခုကတည်းက ကြိုတင်ပြင်

ဆင်ရန်၊ မုန်တိုင်းဝင်ရောက်ချိန်တွင် အရေးကြီးပစ္စည်း များဖြစ်သည့် ဆက်သွယ်ရေးစက်၊ ကယ်ဆယ်ရေးပစ္စည်း များကို ယခုကတည်းက ဖြန့်ခွဲပေးပို့ထားရန်၊ မုန်တိုင်း သည် အခြားနေရာသို့ ပြောင်းရွှေ့သွားခဲ့လျှင်လည်း ကြို တင်ပြင်ဆင်ထားသည့် လေ့ကျင့်ခြင်း အကျိုးကျေးဇူးကို ရရှိမည်ဖြစ်ကြောင်းနှင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ ကို ဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသ ကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ ပြင်ဆင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နေကြောင်း။


- ကြိုတင်ပြင်ဆင်မှု ထိခိုက်ခံရနိုင်ခြေများသည့်နေရာဖြစ် သော ရောဝတီတိုင်းဒေသကြီးတွင် ဘေးဒဏ်ခံနားခိုရာ အဆောက်အအုံများ၊ ဆိုင်ကလုန်းရှက်တာ ၄၇ ခု၊ ဘေး ဒဏ်ခံ တည်ဆောက်ပြီး ၁၁၈ ခု၊ တည်ဆောက်ဆဲ ၁၇ ခု ရှိပြီး ကယ်ဆယ်ရေးပစ္စည်းများကိုလည်း စုပုံထားပြီးဖြစ် ကြောင်း။
- ရှာဖွေကယ်ဆယ်ရေး အရေးပေါ်သုံးပစ္စည်းများအနေဖြင့် ဖိုက်ဘာစက်လှေ ၅၉ စင်း၊ အသက်ကယ်အင်္ကျီ အထည် ၂,၅၀၀ ခန့်နှင့် အသက်ကယ်ဘောကွင်း၊ ရေစုပ်စက်၊ ရေ စုပ်ပိုက်တို့ကိုလည်း ဖြန့်ခွဲထားပြီးဖြစ်ကြောင်း။
- တစ်နိုင်လုံးအတိုင်းအတာအနေဖြင့် သဘာဝဘေးအန္တရာယ် ဖြစ်လျှင် ခိုနားရန်အတွက် မုန်တိုင်းဒဏ်ခံအဆောက်အအုံ ၁၄၃ လုံးရှိပြီး အသုံးပြုရမယ့် ကယ်ဆယ်ရေးပစ္စည်းများ ကိုလည်း ဖြန့်ခွဲထားပြီးဖြစ်ကြောင်း။
- လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာနက ဆိုင်ကလုန်းမုန်တိုင်းနှင့်ပတ်သက်၍ အနီးကပ်စောင့်ကြည့်နိုင်ရန်နှင့် လျင်မြန်စွာတုံ့ပြန်နိုင်ရန် အတွက် Disaster Management Center ဖွင့်လှစ်၍ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း။
- လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီး ဌာနအဖွဲ့များက မုန်တိုင်းနှင့်ပတ်သက်၍ ထုတ်ပြန်ချက် များနှင့် အသေးစိတ်အသိပေးချက်များကို ပြုလုပ်ထား သဖြင့် ကောလာဟလများကို မယုံကြည်ကြရန်နှင့် တရား ဝင်သတင်းမီဒီယာများ၏သတင်းကို နားစွင့်နေကြရန်လို ကြောင်း။

ပြည်သူလူထုအနေဖြင့် နိုင်ငံပိုင်မီဒီယာများနှင့် မိုးလေ ဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေး ညီ ထုတ်လွှင့်ချက်များကို အလေးထားနားထောင်လိုက်နာရန် အကြံပြုလိုကြောင်းနှင့် အစိုးရအနေဖြင့် ပြည်သူများ သဘာဝ ဘေးအန္တရာယ်မှ အဆုံးအရှုံးအနည်းဆုံးဖြင့် ကျော်လွှားနိုင်စေ ရေးကို ယခုချိန်ကစ၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက် ရှိပါကြောင်း သိရှိရပါသည်။


**(မြဝတီသတင်းစာ ၈-၅-၂၀၂၃)**

- **မြန်မာနိုင်ငံ၏ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းချက်များအရ ဘင်္ဂလားပင်လယ်အော် အတွင်း၌ မေလ ၈ ရက်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်၍ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အားကောင်း လာပြီး မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိကာ မြန်မာနိုင်ငံအတွင်းသို့ မေလ ၁၃ ရက်နှင့် ၁၄ ရက်ခန့်တွင် ဝင် ရောက်လာနိုင်။**
- **ခန့်မှန်းချက်အားလုံးသည် တိုင်းထွာသည့်အချိန်၊ အသုံးပြုသည့်ပုံစံနှင့် အသုံးပြုသည့်ဒေတာများအပေါ် မူတည်၍ အမျိုးမျိုးပြောင်းလဲနိုင်သဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ထုတ် ပြန်ပေးမည်ဖြစ်။**
- **မုန်တိုင်းဖြစ်ပေါ်လာပါက မုန်တိုင်းအဆင့် သတ်မှတ်ချက်တွေဖြစ်သည့် အဝါရောင်အဆင့်၊ လိမ္မော်ရောင်အဆင့်၊ အညိုရောင်အဆင့်၊ အစိမ်းရောင်အဆင့် စသည်တို့ကို အချိန်မီပြည်သူများသိရှိအောင် ထုတ်ပြန်ပေးသွားမည်ဖြစ်။**
- **နိုင်ငံတော်ဝန်ကြီးချုပ်၏ညွှန်ကြားချက်ဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအရေးပေါ် အစည်း အဝေးကို ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းကိုယ်တိုင်ဦးစီး၍ ဆောင်ရွက်ခဲ့။**

**၅.၅.၂၀၂၃ ရက်နေ့ (၀၇၃၀) တိုင်းတာချက်အရ ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်နိုင်သည့် မုန်တိုင်း (Mocha) ၏ ခန့်မှန်းလမ်းကြောင်းပြပုံ (GFS Model)**




**၅.၅.၂၀၂၃ ရက်နေ့ (၀၇၃၀) တိုင်းတာချက်အရ ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်နိုင်သည့် မုန်တိုင်း (Mocha) ၏ ခန့်မှန်းလမ်းကြောင်းပြပုံ (ECMWF Model)**




- တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် သဘာဝဘေးအန္တရာယ်ဖြစ်လျှင် ခိုနားရန်အတွက် မုန်တိုင်းဒဏ်ခံအဆောက် အအုံ ၁၄၃ လုံးရှိပြီး အသုံးပြုရမယ့် ကယ်ဆယ်ရေးပစ္စည်းများကိုလည်း ဖြန့်ခွဲထားပြီးဖြစ်။
- လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆိုင်ကလုန်းမုန်တိုင်းနှင့်ပတ် သက်၍ အနီးကပ်စောင့်ကြည့်နိုင်ရန်နှင့် လျင်မြန်စွာ တုံ့ပြန်နိုင်ရန်အတွက် Disaster Management Center ဖွင့်လှစ်၍ စောင့်ကြည့်သွားမည်ဖြစ်။
- လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီး ဌာနအဖွဲ့များက မုန်တိုင်းနှင့်ပတ်သက်၍ ထုတ်ပြန်ချက်များနှင့် အသေးစိတ်အသိပေးချက်များကို ပြုလုပ်ထား သဖြင့် ကောလာဟလများကို မယုံကြည်ကြရန်နှင့် တရားဝင်သတင်းမီဒီယာများ၏ သတင်းကို နားစွင့်နေကြ ရန်လို။
- ပြည်သူလူထုအနေဖြင့် နိုင်ငံပိုင်မီဒီယာများနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေး ညီ ထုတ်လွှင့်ချက်များကို အလေးထားလိုက်နာရန်။

## မုန်တိုင်းဦးတည်ရာအလိုက် အရောင်သတ်မှတ်ချက်များ


အဝါရောင် – ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် မုန်တိုင်းစတင်ဖြစ်ပေါ်သည့်အချိန်

လိမ္မော်ရောင် – ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် မုန်တိုင်းစတင်ဖြစ်ပေါ်ပြီးနောက် မြန်မာ့ကမ်းရိုးတန်းဒေသသို့ ဦးတည်ရွေ့လျားလာမည့်အချိန်

အနီရောင် – မုန်တိုင်း မြန်မာ့ကမ်းရိုးတန်းဒေသသို့ ဦးတည်ရွေ့လျားလာပြီး မြန်မာ့ကမ်းရိုးတန်းဆီသို့ မဖြတ်ကျော်မီ(၁၂)နာရီအလိုအချိန်

အညိုရောင် – မြန်မာ့ကမ်းရိုးတန်းဒေသများသို့ မုန်တိုင်းဖြတ်ကျော်ဝင်ရောက်သည့်အချိန်

အစိမ်းရောင် – မုန်တိုင်းအားပျော့၍ မုန်တိုင်းအန္တရာယ်ကင်းရှင်းသွားသည့်အချိန်





## ဘေးဒဏ်ခံ နားခိုရာအဆောက်အဦများ

တည်ဆောက်ပြီး - (၅၄) လုံး
တည်ဆောက်ဆဲ - ( ၆ ) လုံး
စုစုပေါင်း - (၆၀)လုံး

### တည်ဆောက်ပြီးဘေးဒဏ်ခံနားခိုရာအဆောက်အဦများ (၅၄)လုံး

| | အရေအတွက် | ခိုလှုံနိုင်သည့်ဦးရေ |
|---|---|---|
| Cyclone Shelter | ၂ | ၁,၀၀၀ |
| School-Cum Shelter | ၁၇ | ၆,၅၀၀ |
| Multipurpose Shelter | ၃၅ | ၁၇,၃၀၀ |
| စုစုပေါင်း | ၅၄ | ၂၄,၈၀၀ |

ဘေးဒဏ်ခံနားခိုရာအဆောက်အဦများသည် ကျေး၊ ရွာ၊ တိရစ္ဆာန်များပါ ခိုလှုံနိုင်ရန် ခြေတံရှည် ဆောက်လုပ်ထားခြင်းဖြစ်ပါသည်။





## ဘေးဒဏ်ခံ နားခိုရာအဆောက်အဦများ

တည်ဆောက်ပြီး - (၉) လုံး
တည်ဆောက်ဆဲ - ( - ) လုံး
စုစုပေါင်း - (၉)လုံး

### တည်ဆောက်ပြီးဘေးဒဏ်ခံနားခိုရာအဆောက်အဦများ (၉)လုံး

| | အရေအတွက် | ခိုလှုံနိုင်သည့်ဦးရေ |
|---|---|---|
| Cyclone Shelter | ၁ | ၁,၀၀၀ |
| School-Cum Shelter | ၃ | ၉၀၀ |
| Multipurpose Shelter | ၅ | ၂,၅၀၀ |
| စုစုပေါင်း | ၉ | ၄,၄၀၀ |




**ဘေးဒဏ်ခံ နားခိုရာအဆောက်အဦများ**


တည်ဆောက်ပြီး - (၁၁၈) လုံး
တည်ဆောက်ဆဲ - ( ၁၇ ) လုံး
စုစုပေါင်း - (၁၃၅)လုံး

**တည်ဆောက်ပြီးဘေးဒဏ်ခံနားခိုရာအဆောက်အဦများ (၁၁၈)လုံး**

| | အရေအတွက် | ခိုလှုံနိုင်သည့်ဦးရေ |
|---|---|---|
| Cyclone Shelter | ၄၇ | ၅၂,၈၀၀ |
| School-Cum Shelter | ၃၄ | ၁၅,၂၀၅ |
| Multipurpose Shelter | ၃၇ | ၁၆,၆၈၀ |
| စုစုပေါင်း | ၁၁၈ | ၈၄,၆၈၅ |

ဘေးဒဏ်ခံနားခိုရာအဆောက်အဦများသည် ကျွဲ၊ နွား တိရစ္ဆာန်များပါ ခိုလှုံနိုင်ရန် ခြေတံရှည် ဆောက်လုပ်ထားခြင်းဖြစ်ပါသည်။

**တိုင်းဒေသကြီး၊ ပြည်နယ် (၁၁) ခုတွင် တည်ဆောက်ထားရှိသည့် မုန်တိုင်းဒဏ်ခံအဆောက်အအုံများ၏ တည်နေရာပြမြေပုံ**




မှတ်ချက် - Shelter တည်နေရာများမှာ အတိအကျကောက်ယူထားခြင်းမဟုတ်ဘဲ Myanmar Information Management Unit - MIMU Website မှရရှိသည့် ကျေးရွာအုပ်စုနှင့် ကျေးရွာများ၏ တည်နေရာများဖြင့် အနီးစပ်ဆုံး ပြုစုထားခြင်းဖြစ်ပါသည်။

## လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဖြန့်ဝေလျက်ရှိသည့် မုန်တိုင်းဘေးပညာပေးစာစောင်



## လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဖြန့်ဝေလျက်ရှိသည့် မုန်တိုင်းဘေးပညာပေးစာစောင်



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအား ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၏ ဆွေးနွေးဖက်နိုင်ငံအဖြစ် ခွင့်ပြုကြောင်း စာချွန်လွှာလက်မှတ်ရေးထိုး




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအား ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Shanghai Cooperation Organisation-SCO) ၏ ဆွေးနွေးဖက်နိုင်ငံအဖြစ် ခွင့်ပြုကြောင်း စာချွန်လွှာကို အိန္ဒိယနိုင်ငံ၊ ဂိုအာမြို့၌ ၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်မှ ၅ ရက်အထိ ကျင်းပလျက်ရှိသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးကာလအတွင်း အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Zhang Ming တို့က ၅-၅-၂၀၂၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။


အဆိုပါ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံနှင့်အတူ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ ဆွေးနွေးဖက်နိုင်ငံများ ဖြစ်လာသည့် အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ကူဝိတ်နှင့် မော်လ်ဒိုက်ဗ်နိုင်ငံတို့မှ ကိုယ်စားလှယ်များလည်း တက်ရောက်လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)သည် အစိုးရအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ ၂၀၀၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့က တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ယခုအခါ SCO ၏ တင်းပြည့် အဖွဲ့ဝင်များမှာ တရုတ်၊ အိန္ဒိယ၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ ပါကစ္စတန်၊ ရုရှား၊ တာဂျစ်ကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့ဖြစ်ကြသည်။ SCO သည် အဖွဲ့ဝင်နိုင်ငံများအကြား နိုင်ငံရေး၊ ကုန်သွယ်ရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ စွမ်းအင်၊ ပို့ဆောင်ဆက်သွယ်ရေး စသည့်နယ်ပယ်များတွင် အဓိကပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသ

**(မြဝတီသတင်းစာ ၆-၅-၂၀၂၃)**

- **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအား ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ၏ဆွေးနွေးဖက်နိုင်ငံအဖြစ် ခွင့်ပြုကြောင်း စာချွန်လွှာကို အိန္ဒိယနိုင်ငံ၊ ဂိုအာမြို့၌ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ အထွေထွေအတွင်းရေးမှူးချုပ်တို့က လက်မှတ်ရေးထိုးခဲ့။**
- **အဆိုပါလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံနှင့်အတူ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ ဆွေးနွေးဖက်နိုင်ငံများ ဖြစ်လာသည့် အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ကူဝိတ်နှင့် မော်လ်ဒိုက်ဗ်နိုင်ငံတို့မှ ကိုယ်စားလှယ်များလည်း တက်ရောက်လက်မှတ်ရေးထိုးခဲ့။**

## မြန်မာနိုင်ငံအစိုးရက ဆီးရီးယားအာရပ်သမ္မတနိုင်ငံအား လူသားချင်းစာနာ ထောက်ထားမှုအကူအညီအဖြစ် အလှူငွေပေးအပ်လှူဒါန်း




ဆီးရီးယားအာရပ်သမ္မတနိုင်ငံတွင် ဖေဖော်ဝါရီလ ၆ ရက်က မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်နစ်နာခဲ့ရသည့် ပြည်သူများအတွက် မြန်မာနိုင်ငံအစိုးရက လူသားချင်းစာနာ ထောက်ထားမှု အကူအညီအဖြစ် အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ နှင့် ညီမျှသည့် အိန္ဒိယ ရူပီးငွေ ၈၁၂၇၂၀၄ ကို အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်က အိန္ဒိယနိုင်ငံဆိုင်ရာ ဆီးရီးယားသံအမတ်ကြီး H.E. Dr. Bassam Seifeddin Alkhatib ထံသို့ ဧပြီလ ၂၈ ရက်တွင် လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၅-၂၀၂၃)**

- **မြန်မာနိုင်ငံအစိုးရက ဆီးရီးယားအာရပ်သမ္မတနိုင်ငံအား လူသားချင်းစာနာ ထောက်ထားမှုအကူအညီအဖြစ် အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ နှင့် ညီမျှသည့် အိန္ဒိယ ရူပီးငွေ ၈၁၂၇၂၀၄ ပေးအပ်လှူဒါန်းခဲ့။**

## တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/အချုပ်ထောင်အသီးသီးမှ အကျဉ်းကျခံနေရသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင်အသီးသီးတို့တွင် အကျဉ်းကျခံနေကြရသော နိုင်ငံသား အကျဉ်းသား၊ အကျဉ်းသူ ၂၁၅၃ ဦးတို့ကို မေလ ၃ ရက်တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ပြီး အကျဉ်းသား၊ အကျဉ်းသူများကို တစ်ဦးလျှင် ခရီးစရိတ်အဖြစ် ခရီးမိုင်တစ်မိုင်အား ငွေကျပ် ၃၅ ကျပ်နှုန်း၊ စားစရိတ်အား တစ်ရက်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဦးစီးရန်ပုံငွေမှ ပြည့်ဝစွာ ထုတ်ပေးခဲ့ပါသည်။

အကျဉ်းသား၊ အကျဉ်းသူများအား လွှတ်ပေးရာတွင် အကျဉ်းထောင်ရုံးစိုက်ရာမြို့ရှိ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ အကျဉ်းထောင်တာဝန်ခံအရာရှိ၊ သက်ဆိုင်ရာဒေသရှိ ခရိုင်/ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သတင်းရဲတပ်ဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့ ပါဝင်သောအဖွဲ့ဖြင့် ဆုံးမသြဝါဒစကားပြောကြား၍ ထောင်လွတ်လက်မှတ်ပေးအပ်ခဲ့ပါသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများနှင့် အကျဉ်းထောင်ရှေ့သို့ လာရောက်ကြိုဆိုသော ၎င်းတို့၏ မိသားစုဝင်များမှာ ပျော်ရွှင်ကြည်နူးဝမ်းမြောက်စွာ နှုတ်ဆက်ကြပြီး ခရီးဝေးသွားရောက်ကြမည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများအား ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်များသို့ မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များက လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၅-၂၀၂၃)**

## တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/အချုပ်ထောင်အသီးသီးမှ အကျဉ်းကျခံနေရသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည့် မှတ်တမ်းဓာတ်ပုံများ











- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင်အသီးသီးတို့တွင် အကျဉ်းကျခံနေကြရသော နိုင်ငံသား အကျဉ်းသား၊ အကျဉ်းသူ ၂၁၅၃ ဦး တို့ကို မေလ ၃ ရက်တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့။

# တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/အချုပ်ထောင်အသီးသီးမှ အကျဉ်းကျခံနေရသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည့် မှတ်တမ်းဓာတ်ပုံများ




မအူပင်အကျဉ်းထောင်




ထားဝယ်အကျဉ်းထောင်



မြင်းခြံဗဟိုအကျဉ်းထောင်



ရမည်းသင်းအကျဉ်းထောင်



လားရှိုးအကျဉ်းထောင်

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကဆုန်ညောင်ရေသွန်းပွဲတော်ဗုဒ္ဓနေ့၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား



**ကျိုင်းတုံမြို့တွင် ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပနေမှု**

ကဆုန်ညောင်ရေသွန်းလောင်းပွဲများကို ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရားပုထိုးစေတီများ၌ မေလ ၃ ရက်တွင် ကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ တာဝန်ရှိသူများ၊ ဝတ်အသင်းများနှင့် ကုသိုလ်ကောင်းမှုပြုလုပ်သူများက သတ်မှတ်နေရာများအလိုက် မဟာဗောဓိပင်များကို ညောင်ရေသွန်းလောင်းလှူ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အားရည်စူး၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ်ဒါန သီလပွားများခြင်းစသည့် သူတော်ကောင်းတရားများကို အားထုတ်ဆောင်ရွက်ကြသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၅-၂၀၂၃)**

- **ကဆုန်ညောင်ရေသွန်းလောင်းပွဲများကို ရွှေတိဂုံစေတီတော်မြတ်ကြီး၏ရင်ပြင်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရားပုထိုးစေတီများ၌ ကျင်းပပြုလုပ်ရာ တာဝန်ရှိသူများနှင့် ကုသိုလ်ကောင်းမှုပြုသူများက မဟာ ဗောဓိပင်များကို ညောင်ရေသွန်းလောင်းလှူ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့။**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကဆုန်ညောင်ရေသွန်းပွဲတော်ဗုဒ္ဓနေ့၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ



ဖောင်းပြင်မြို့



မုံရွာမြို့



မိုးကောင်းမြို့



ပေလီ



ဝေါမြို့

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကဆုန်ညောင်ရေသွန်းပွဲတော်ဗုဒ္ဓနေ့၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ



မြဝတီမြို့



ဟိုပင်မြို့



ရန်ကုန်မြို့



တာချီလိတ်မြို့



ဒဂုံမြို့သစ်(တောင်ပိုင်း)

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များမှကြီးမှူးကျင်းပသည့် မန္တလေးမြို့လေးပြင်လေးရပ်မှ သံဃာတော် (၁၀၂၆၈) ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူပွဲ အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ**



မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့)၊ သာသနာတော်နှစ် (၂,၅၆၇) ခုနှစ် အထိမ်းအမှတ် အဖြစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များ မှ ကြီးမှူး၍ မန္တလေးမြို့လေးပြင်လေးရပ်မှ သံဃာတော် (၁၀၂၆၈) ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူပွဲအခမ်းအနားကို မေလ ၃ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်း အနားအား မန္တလေးမြို့ ကျုံးအရှေ့၊ အနောက်၊ တောင်နှင့် မြောက်ဘက်တို့ရှိ သတ်မှတ်မင်္ဂလာမဏ္ဍပ်များတွင် ဆရာ တော်များအား အစီအစဉ်အတိုင်းတပြိုင်တည်း ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသ ကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလှူရှင်ပြည်သူများက စည် ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

ထို့ပြင် မော်လမြိုင်မြို့ရှိ မဟာမြတ်မုနိရုပ်ပွားတော်မြတ် ပရိဝုဏ်အတွင်း၌ ဆရာတော်၊ သံဃာတော်၊ သီလရှင် စုစုပေါင်း (၃၁၅) ပါး၊ ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်တွင် သံဃာတော်၊ သီလရှင် စုစုပေါင်း (၂,၃၁၁) ပါး၊ မကွေးမြို့ပေါ်ရှိ ဆရာတော်၊ သံဃာတော်၊ သီလရှင် စုစုပေါင်း (၁,၁၇၄) ပါး၊ ပဲခူးမြို့ရှိ ဆုတောင်းပြည့် ဆံတော်ရှင် ရွှေမောဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်ပေါ် တွင် သံဃာတော်၊ သီလရှင် စုစုပေါင်း (၁,၁၀၀) ပါးတို့အား ဒေသခံပြည်သူအသီးသီးက စုပေါင်း၍ ဆွမ်းဆန်စိမ်းလောင်း လှူပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရှိ ရပါသည်။

**(မြဝတီသတင်းစာ ၄-၅-၂၀၂၃)**

- **ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့ ကျုံးအရှေ့၊ အနောက်၊ တောင်နှင့် မြောက်ဘက်တို့ရှိ သတ်မှတ်မင်္ဂလာ မဏ္ဍပ်များမှ သံဃာတော် (၁၀၂၆၈) ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက် ကပ်လောင်းလှူဒါန်းပွဲအခမ်းအနားအား အလှူရှင်ပြည်သူများက စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့။**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူပွဲ အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



မန္တလေးမြို့



မကွေးမြို့




ကျောက်ဆည်မြို့



ကန့်ဘလူမြို့



မိတ္ထီလာမြို့

# ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ် ဆီမီးတိုင်များကိုင်ဆောင်၍ လှည့်လည်ပူဇော်ပွဲကျင်းပ




ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ် ဆီမီးတိုင်များကိုင်ဆောင်၍ လှည့်လည်ပူဇော်ပွဲအခမ်းအနားကို မေလ ၃ ရက်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

စုရပ်တပေါင်းကွင်းမှ စတင်ထွက်ခွာကြပြီး ဗျာဒိတ်တော်ခံယူတော်မူခြင်းယာဉ်နှင့် သာသနာ့အလံ၊ ဆီမီးတိုင်များကို ကိုင်ဆောင်ထားသည့် ကျောင်းသား၊ ကျောင်းသူများက စေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ဦး၌လည်းကောင်း၊ ဖွားမြင်တော်မူခြင်းယာဉ်နှင့် သာသနာ့အလံ၊ ဆီမီးတိုင်များကို ကိုင်ဆောင်ထားသည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများက စေတီတော်မြတ်ကြီး၏ မြောက်ဘက်မုခ်ဦး၌လည်းကောင်း၊ ဘုရားပွင့်တော်မူခြင်းယာဉ်နှင့် သာသနာ့အလံ၊ ဆီမီးတိုင်များကို ကိုင်ဆောင်ထားသည့် ကျောင်းသား၊ ကျောင်းသူများက စေတီတော်မြတ်ကြီး၏ အနောက်ဘက်မုခ်ဦး၌လည်းကောင်း၊ မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူခြင်းယာဉ်နှင့် သာသနာ့အလံများ၊ ဆီမီးတိုင်များကို ကိုင်ဆောင်ထားသည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများက တောင်ဘက်မုခ်ဦး၌လည်းကောင်း ရောက်ရှိနေရာယူခဲ့ကြပါသည်။

သာသနာ့အလံများ၊ ဆီမီးတိုင်များကို ကိုင်ဆောင်ထားသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများသည် သက်ဆိုင်ရာမုခ်ဦးများမှတစ်ဆင့် စေတီတော်မြတ်ကြီးရင်ပြင်တော်ပေါ်သို့ တစ်ပြိုင်တည်းတက်ရောက်၍ သတ်မှတ်နေရာများ၌ အလံတိုင်များနှင့် ဆီမီးတိုင်များကို စိုက်ထူပူဇော်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၅-၂၀၂၃)**

- **ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ် ဆီမီးတိုင်များကိုင်ဆောင်၍ လှည့်လည်ပူဇော်ပွဲအခမ်းအနားတွင် သာသနာ့အလံများ၊ ဆီမီးတိုင်များကို ကိုင်ဆောင်ထားသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများက် စုရပ်တပေါင်းကွင်းမှ စတင်ထွက်ခွာခဲ့ပြီး သက်ဆိုင်ရာမုခ်ဦးများမှတစ်ဆင့် စေတီတော်မြတ်ကြီးရင်ပြင်တော်ပေါ်သို့ တစ်ပြိုင်တည်းတက်ရောက်၍ အလံတိုင်များနှင့် ဆီမီးတိုင်များကို စိုက်ထူပူဇော်ခဲ့။**

## ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ် ဆီမီးတိုင်များကိုင်ဆောင်၍ လှည့်လည်ပူဇော်ပွဲကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ











# ပုသိမ်ကြီးမြို့နယ်၊ "အောင်သပြေ"ရွှေဆိုင်နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ "ထိပ်တန်း" ရွှေဆိုင်တို့အား ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သည့် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိ



**ဓားပြတိုက်ရာတွင် ပါဝင်ခဲ့သည့် တရားခံများနှင့် သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်း၊ ငွေကြေးနှင့် ရွှေထည်ပစ္စည်းများ**

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နာရီစင်အနီးရှိ "အောင်သပြေ"ရွှေဆိုင်သို့ စိစစ်ဆဲကျား ၄ ဦးမှ ရွှေဆိုင်အတွင်း ဝင်ရောက်ကာဆိုင်ဝန်ထမ်းများအားလက်နက်ဖြင့်ခြိမ်းခြောက်၍ ရွှေလက်ကောက် ၁၀ ကွင်း၊ ရွှေဆွဲကြိုးမျိုးစုံ ၈၀ ကုံး၊ ရွှေလက်စွပ်မျိုးစုံ ၂၀၀ ကွင်းနှင့် ဟမ်းချိန်း ၆၀ ကွင်း၊ စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၁,၅၀၀ သိန်းခန့်အား ဓားပြတိုက်လုယက်ယူဆောင်သွားခဲ့ပါသည်။

အလားတူ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၉ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ စက်မှုဈေးအနီးရှိ "ထိပ်တန်း"ရွှေဆိုင်သို့ (စိစစ်ဆဲ) ကျား ၄ ဦးသည် ဆိုင်ဝန်ထမ်းများအားလက်နက်ဖြင့်ခြိမ်းခြောက်၍ ရွှေလက်ကောက် ၃၀ ကျပ်သား၊ ရွှေဆွဲကြိုး ၇၀ ကျပ်သား၊ ရွှေနားကပ် ၅၀ ရံ၊ ရွှေကလစ် ၁၀ ခု၊ စုစုပေါင်းကာလတန်ဖိုး ငွေကျပ် ၂,၇၀၀ သိန်းခန့်အား ဓားပြတိုက်လုယက်ယူဆောင်သွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ အကြမ်းဖက်ဓားပြတိုက်လုယက်မှုများကို မလိုလားသည့် ဒေသခံပြည်သူလူထုမှ လျှို့ဝှက်သတင်းပေးပို့ခဲ့သဖြင့် မဟာအောင်မြေမြို့နယ်၊ ကမ်းနားလမ်း၊ ရတနာပုံသင်္ဘောကျင်းအနီးတွင် နေထိုင်သူ တရားခံ မျိုးနိုင်ဝင်း (ခ) နိုင်ဝင်းအား ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်တွင် "အောင်သပြေ" ရွှေဆိုင်မှ ဓားပြတိုက်လုယက်ယူဆောင်ခဲ့သည့် ရွှေဆွဲကြိုး ၁ ကုံး၊ ရွှေနားကပ် ၁ ရံ၊ ရွှေလက်စွပ် ၁ ကွင်း၊ စုစုပေါင်း ကာလတန်ဖိုး ၁၈ သိန်းခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်-

- တရားခံ မျိုးနိုင်ဝင်း(ခ)နိုင်ဝင်း၏ ထွက်ဆိုချက်အရ ဓားပြတိုက်လုယက်ရာတွင် ခေါင်းဆောင်ခဲ့သူ ပိုင်လင်းခန့် (ခ) ကိုပိုင်၊ ဇော်မင်းထက် (ခ) အပုနှင့် ခန့်ညီညီ (ခ) ခန့်သားလွင်တို့အား ရွှေဆွဲကြိုး ၁ ကုံး၊ ရွှေနားကပ် ၄ ရံ၊ ရွှေလက်စွပ် ၂ ကွင်း၊ ငွေကျပ် ၆၀ သိန်းတို့နှင့်လည်းကောင်း အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့။
- တရားခံ ပိုင်လင်းခန့် (ခ) ကိုပိုင်၏ ထွက်ဆိုချက်အရ ဓားပြတိုက်လုယက်ယူဆောင်ခဲ့သည့် ရွှေထည်ပစ္စည်းနှင့် ငွေကြေးများအား ၎င်း၏မိခင် တင့်တင့်ထွေးထံတွင် အပ်နှံထားကြောင်း ဖော်ထုတ်သိရှိရသဖြင့် ၎င်း၏ နေအိမ်အားသွားရောက်ရှာဖွေခဲ့ရာ တင့်တင့်ထွေးနှင့် ပိုင်လင်းခန့်၏ တရားမဝင်ပေါင်းသင်းနေထိုင်သူ မေရီတို့အား ပစ္စတို ၂ လက်၊ ကျည်အိမ် ၂ ခု၊ ပွိုင့်-၃၈၀ ကျည် ၂ တောင့်၊ ငွေကျပ် ၂၀၀ သိန်း၊ ရွှေထည်ပစ္စည်းမျိုးစုံ ၁၆ ခု (ကာလတန်ဖိုး ၆၁ သိန်း ၉ သောင်းကျပ်)တို့နှင့် အတူ ဖမ်းဆီးရမိခဲ့။
- တရားခံ တင့်တင့်ထွေး၏ ထွက်ဆိုချက်အရ ဓားပြတိုက်လုယက်ယူဆောင်ခဲ့သည့် ရွှေထည်ပစ္စည်းများအား သွားရောက်ရောင်းချခဲ့သည့် "စိန်မြင့်မိုရ်"ရွှေဆိုင်ပိုင်ရှင် ချစ်ဦး

နှင့် "မန္တလာရွှေစင်"ရွှေသန့်စင်ဆိုင် ပိုင်ရှင်ထွန်းဝင်းတို့အား ရွှေထည်ပစ္စည်းများအား ပုံစံဖျက်ထားသည့် ရွှေအလေးချိန် ၁၈ ကျပ်သားခန့် (ကာလတန်ဖိုး ငွေကျပ် ၅၃၂ သိန်းခန့်)တို့နှင့်အတူ ဖမ်းဆီးရမိခဲ့။

- တရားခံ ခန့်ညီညီ (ခ) ခန့်ညားလွင်၏ ထွက်ဆိုချက်အရ ဓားပြတိုက်လုယက်ယူဆောင်ခဲ့သည့် ရွှေထည်ပစ္စည်းများအား သွားရောက်ရောင်းချခဲ့သည့် "ဝင့်ထည်ဝါ" ရွှေကောက်လုပ်ငန်းပိုင်ရှင် အောင်ရဲနိုင်ဝင်း၊ "စိန်ရွှေမြ" ရွှေကောက်လုပ်ငန်းပိုင်ရှင် မြသဥ္ဇာနှင့် "အောင်ပြည့်ဖြိုး" ရွှေကောက်လုပ်ငန်းပိုင်ရှင် ဝင်းနိုင် (ခ) ရခိုင်ကြီးတို့အား ငွေကျပ်သိန်း ၅၀နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ-

- မန္တလေးမြို့အတွင်း ဓားပြတိုက်လုယက်မှုများ ဆောင်ရွက်ရန်အတွက် ပစ္စတို ၁ လက်အား ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် မြစ်ကြီးနားမြို့သို့သွားရောက်၍ KIA အဖွဲ့ဝင်အမျိုးသား (စိစစ်ဆဲ) ၁ ဦးထံမှ ငွေကျပ်သိန်း ၅၀ ကျပ်ဖြင့်လည်းကောင်း၊
- ၂၀၂၃ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ပစ္စတို ၁ လက်အား မူဆယ်မြို့သို့သွားရောက်၍ ဖမ်းဆီးရန်ကျန် တရားခံစိုင်းကွမ်းခေးထံမှ ပစ္စတို ၁ လက်နှင့် ခဲယမ်းများအား ငွေကျပ်သိန်း ၁၀၀ ဖြင့်လည်းကောင်းဝယ်ယူခဲ့။
- ဒီဇင်ဘာလ ၂၂ ရက်တွင် တရားခံ ပိုင်လင်းခန့်(ခ)ကိုပိုင်မှ ဦးဆောင်၍ ပစ္စတို ၁ လက်အား ကိုင်ဆောင်ကာ "အောင်သပြေ" ရွှေဆိုင်သို့ သွားရောက်ခဲ့ပြီး ဓားပြတိုက်လုယက်ယူဆောင်ခဲ့၍ ၎င်းပစ္စည်းများအား ၅ ပုံခွဲဝေယူခဲ့။
- အလားတူ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၉ ရက်တွင် ပိုင်လင်းခန့်(ခ)ကိုပိုင်၊ မျိုးနိုင်ဝင်း။၊ ဇော်မင်းထက်နှင့် ဖမ်းဆီးရန်ကျန် တရားခံ မျိုးဇင်ဟိန်းတို့သည် ပစ္စတို ၂ လက်နှင့် ဓားများ ကိုင်ဆောင်ကာ "ထိပ်တန်း"ရွှေဆိုင်သို့သွားရောက်၍ စုစုပေါင်းကာလ တန်ဖိုး ငွေကျပ် ၂,၇၀၀ သိန်းခန့်အား ဓားပြတိုက်လုယက်ယူဆောင်ခဲ့။
- ဓားပြတိုက်လုယက်ရရှိခဲ့သည့် ရွှေထည်ပစ္စည်းများအား ပိုင်လင်းခန့်၏ မိခင်တင့်တင့်ထွေးမှ "စိန်မြင့်မိုရ်" ရွှေဆိုင်ပိုင်ရှင် ချစ်ဦးနှင့် "မန္တလာရွှေစင်" ရွှေသန့်စင်ဆိုင်ပိုင်ရှင်ထွန်းဝင်းတို့ထံငွေကျပ် ၅၁၂ သိန်းဖြင့် ရောင်းချခဲ့ပြီး ကျန်သူများအား ငွေကျပ်သိန်း ၁၀၀ စီ ခွဲဝေပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

ဖြစ်စဉ်တွင် ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သည့် တရားခံ ကျား ၈ ဦး၊ မ ၃ ဦး၊ ပေါင်း ၁၁ ဦးတို့အား ပစ္စတို ၂ လက်၊ ကျည်အိမ် ၂ ခု၊ ပွိုင့်-၃၈၀ ကျည် ၂ တောင့်၊ ဓားပြတိုက်လုယက်ယူဆောင်ခဲ့သည့် ရွှေထည်ပစ္စည်းမျိုးစုံ (ကာလတန်ဖိုး ၆၄,၅၉၀,၉၀၀ ကျပ်)၊ ငွေကျပ် ၂၆၀ သိန်း၊ စုစုပေါင်း ၉၀,၅၉၀,၉၀၀ ကျပ်တို့နှင့်အတူဖမ်းဆီးရမိခဲ့ပါသည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဓားပြတိုက်လုယက်ယူဆောင်သွားသည့် ရွှေထည်ပစ္စည်းများအား ထုခွဲရောင်းချရာ၌ တရားမဝင်လက်ခံဝယ်ယူခဲ့သည့် ရွှေကောက်လုပ်ငန်းတို့ကို တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဓားပြတိုက်လုယက်မှုတွင် ပါဝင်ကျူးလွန်ခဲ့သည့် တရားခံပြေး ၂ ဦးကိုလည်း ဆက်လက်ဖော်ထုတ်၍ အမြန်ဆုံးဖမ်းဆီးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အချိန်နှင့်တစ်ပြေးညီ မဆုတ်မနစ်ကြိုးပမ်းဖော်ထုတ်ခြင်း၊ တာဝန်သိပြည်သူအချို့ကလည်း အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ပူးပေါင်းပါဝင်ခြင်းများကြောင့် ဓားပြတိုက်လုယက်ခဲ့သည့်ဖြစ်စဉ်အား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၅-၂၀၂၃)**

- **ပုသိမ်ကြီးမြို့နယ်၊ "အောင်သပြေ"ရွှေဆိုင်နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ "ထိပ်တန်း" ရွှေဆိုင်တို့အား ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သည့် တရားခံ ကျား ၈ ဦး၊ မ ၃ ဦး၊ ပေါင်း ၁၁ ဦးတို့အား ပစ္စတို ၂ လက်၊ ကျည်အိမ် ၂ ခု၊ ပွိုင့်-၃၈၀ ကျည် ၂ တောင့်၊ ဓားပြတိုက်လုယက်ယူဆောင်ခဲ့သည့် ရွှေထည်ပစ္စည်းမျိုးစုံ (ကာလတန်ဖိုး ၆၄,၅၉၀,၉၀၀ ကျပ်)၊ ငွေကျပ် ၂၆၀ သိန်း၊ စုစုပေါင်း ၉၀,၅၉၀,၉၀၀ ကျပ်တို့နှင့် အတူဖမ်းဆီးရမိခဲ့။**

# ပုသိမ်ကြီးမြို့နယ်၊ “အောင်သပြေ”ရွှေဆိုင်နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ “ထိပ်တန်း”ရွှေဆိုင်တို့အား ဓားပြတိုက် လုယက်မှု ကျူးလွန်ခဲ့သည့် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိ

မန္တလေးမြို့ပေါ်ရှိ “အောင်သပြေ”ရွှေဆိုင်နှင့် “ထိပ်တန်း”ရွှေဆိုင်တို့အား ဓားပြတိုက်လုယက်သူများ ဖမ်းဆီးရမိမှု အခြေပြဇယား



ပိုင်လင်းခန့်(ခ)ကိုပိုင်
ဓားပြအဖွဲ့ခေါင်းဆောင်



မျိုးနိုင်ဝင်း(ခ)နိုင်ဝင်း
ဓားပြအဖွဲ့ဝင်



ခန့်ညီညီ(ခ)ခန့်ညားလွင်
ဓားပြအဖွဲ့ဝင်



ဇော်မင်းထက်(ခ)အပု
ဓားပြအဖွဲ့ဝင်



တင့်တင့်ထွေး
ပိုင်လင်းခန့်(ခ)
ကိုပိုင်၏မိခင်



မေရီ
ပိုင်လင်းခန့်(ခ)ကိုပိုင်နှင့်
တရားမဝင်ပေါင်းသင်းနေသူ

ဓားပြတိုက်လုယက်ရာတွင် ရရှိခဲ့သည့် ရွှေထည်ပစ္စည်းများအား တရားမဝင်လက်ခံဝယ်ယူသူများ



အောင်ရဲနိုင်ဝင်း
(ဝင့်ထည်ဝါ
ရွှေကောက်လုပ်ငန်း)



မြသဥ္ဇာ
(စိန်ရွှေမြ
ရွှေကောက်လုပ်ငန်း)



ဝင်းနိုင်(ခ)ရခိုင်ကြီး
(အောင်ပြည့်ဖြိုး
ရွှေကောက်လုပ်ငန်း)

ဓားပြတိုက်လုယက်ရာတွင် ရရှိခဲ့သည့် ရွှေထည်ပစ္စည်းများအား တရားမဝင်လက်ခံဝယ်ယူသူများ



ချစ်ဦး
(စိန်မြင့်မိုရ်ရွှေဆိုင်)




ထွန်းဝင်း
(မန္တလာရွှေစင်
ရွှေသန့်စင်ဆိုင်)

## ပုသိမ်ကြီးမြို့နယ်၊ နာရီစင်အနီး၌ “အောင်သပြေ” ရွှေဆိုင်အား ဓားပြတိုက်ခံရသည့် မှတ်တမ်းဓာတ်ပုံများ



ဓားပြတိုက်ခံရသည့် “အောင်သပြေ” ရွှေဆိုင်


ဓားပြတိုက်လုယက်ရာတွင် အသုံးပြုခဲ့သည့် လက်နက်/ခဲယမ်းများ



“အောင်သပြေ” ရွှေဆိုင်၌ ဓားပြတိုက်လုယက်ခံရသည့် CCTV မှတ်တမ်းဓာတ်ပုံ

## ပြည်ကြီးတံခွန်မြို့နယ်၊ (၉)ရပ်ကွက်၊ စက်မှုဈေးအနီးရှိ "ထိပ်တန်း"ရွှေဆိုင်အား ဓားပြတိုက်ခံရသည့် မှတ်တမ်းဓာတ်ပုံများ




ဓားပြတိုက်ခံရသည့် "ထိပ်တန်း" ရွှေဆိုင်



သိမ်းဆည်းရမိ ငွေကြေးနှင့် ရွှေထည်ပစ္စည်းများ




"ထိပ်တန်း"ရွှေဆိုင်၌ ဓားပြတိုက်မှုဖြစ်ပွားခဲ့သည့် CCTV မှတ်တမ်းဓာတ်ပုံ